# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို သာသနာတော်နှစ် ၂၅၆၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်၊ ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဂန္ဓကုဋိကျောင်းဆောင်တော် အထွတ်သို့ တင်လှူပူဇော်စဉ်။

**ယနေ့ ဖတ် စ ရာ**



ဒီမိုကရေစီဟု ဆိုရာဝယ် . . .

ဆောင်းပါး | စာ - ၈

ဂျပန်နိုင်ငံက ဖိုက်ဇာ ကိုဗစ် - ၁၉ ကာကွယ်ဆေး ၁၀ သန်း ထပ်မံဝယ်ယူမည်

နိုင်ငံတကာသတင်း | စာ - ၁၃




မီဒီယာအဆိပ် သင့်တဲ့ပြည်

ဆောင်းပါး | စာ - ၁၆



## ကျန်းမာရေးအတွက် ဆေးတစ်လက်

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးကို လူတိုင်းအလိုရှိကြသည်။ အလိုရှိကြသည့်အလျောက် ဆုတောင်းဆုပေးလည်း ပြုကြသည်။ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာရေးဟုဆိုရာတွင် ကျန်းမာရေးက အရင်းခံကျသည်။ စည်းစိမ်ချမ်းသာ မည်မျှကြွယ်ဝပြည့်စုံစေကာမူ ကျန်းမာရေးမပြည့်စုံပါက ချမ်းသာသည် မမည်။ သို့ဖြစ်သည့်အလျောက် လူတိုင်းလူတိုင်းက ကျန်းမာရေးအသိဖြင့် နေ့စဉ်ဘဝကို ကျန်းမာရေးနှင့် ညီညွတ်စွာသွားလာလှုပ်ရှား နေထိုင်စားသောက်နိုင်ကြရန် လိုသည်။

တစ်ကိုယ်ရေသန့်ရှင်းရေး၊ အန္တရာယ်ကင်း၍ အာဟာရပြည့်ဝစွာ စားသုံးရေး၊ သန့်ရှင်းသောရေ လုံလောက်စွာ အနားယူမှု၊ မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု၊ မိမိနေထိုင်ရာပတ်ဝန်းကျင် (ရေ၊ မြေ၊ လေ) တို့ သန့်ရှင်းရေး၊ စိတ်ဖိစီးမှုများလျှော့ချရေး အစရှိသောခေါင်းစဉ်များက လူတိုင်းလူတိုင်း၏ နေ့စဉ်ဘဝများတွင် သတိပြုကြရမည့်အချက်များဖြစ်ပြီး ကျန်းမာသုခနှင့် ပြည့်စုံရေးအတွက် မိမိအသက်နှင့် လိုက်လျောညီထွေသည့် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်မှန်မှန်ပြုလုပ်ရန်ဟူသောအချက်ကို ထပ်မံဖြည့်စွက်ရမည်ဖြစ်သည်။

ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးအတွက် စနစ်တကျ နေ့စဉ်အချိန်မှန်မှန် ပြုလုပ်ကြရသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပုံစံအမျိုးမျိုးရှိရာ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုကို ကာကွယ်ခြင်း၊ ရောဂါဖြစ်ပွားနှုန်း လျော့ကျစေခြင်း၊ ရောဂါရှိနေသည့်တိုင်အောင် ကျန်းမာစေနိုင်ခြင်းဟူသော ရလဒ်များကို ရရှိစေနိုင်သည်။ မကူးစက်နိုင်သော ရောဂါများဆိုသည်မှာ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများ၊ သွေးတိုး၊ သွေးချိုဆီးချို၊ အဝလွန်၊ သွေးတွင်းအဆီဓာတ်များ၊ သွေးကြောပိတ်၊ ခါးနာ၊ အဆစ်အမျက်ရောင်၊ ကင်ဆာ၊ စိတ်ကျ၊ မှတ်ဉာဏ်ချွတ်ယွင်း၊ သူငယ်ပြန် အစရှိသောရောဂါများဖြစ်ပြီး ကမ္ဘာပေါ်တွင် နှစ်စဉ် လူ ၃၈ သန်းခန့်ကို မရဏတိုင်းပြည်သို့ အရောက်ပို့နေသော ရောဂါများဖြစ်သည်။ ထိုအထဲတွင် အရွယ်ကောင်းများက ၁၆ သန်းခန့်ပါဝင်သည်။ မကူးစက်နိုင်သော ရောဂါများမှာ အများအားဖြင့် လူ့ပတ်ဝန်းကျင်နှင့် လူ့အပြုအမူ၊ အလေ့အကျင့်များကို အရင်းခံဖြစ်ပွားရခြင်းဖြစ်သည်။ ကျန်းမာရေးနှင့် မညီညွတ်သော မကောင်းသည့် အကျင့်များကို စွန့်ပယ်၍ ကျန်းမာရေးနှင့်အညီနေထိုင်ခြင်း၊ ကျန်းမာမှုကို ကာကွယ်စောင့်ရှောက် မြှင့်တင်ခြင်းတို့ကို လူတိုင်းကိုယ်စီကျင့်သုံးခြင်းဖြင့် ဆေးရုံဆေးခန်း သွားကြရခြင်းမှ လွတ်ကင်းကြမည်ဖြစ်သည်။

ကျန်းမာရေးအတွက် နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားကြရေးတွင် လမ်းလျှောက်ခြင်းကို အလွယ်ကူဆုံးနှင့် အကောင်းဆုံးအဖြစ် ကမ္ဘာတစ်ဝန်းမှ ကျန်းမာရေးပညာရှင်များက ထောက်ခံထားကြသည်။ ငွေကုန်ကြေးကျလည်း အသက်သာဆုံးဖြစ်သလို အထူးတလည် သင်ကြားပေးရန်မလိုသည့် နည်းလမ်းလည်းဖြစ်သည်။ နေ့စဉ်မှန်မှန်၊ သက်သောင့်သက်သာအရှိန်ဖြင့် ရှေ့တည့်တည့်ကြည့်၊ ဦးခေါင်းမတ်မတ်ထား၍ လျှောက်ခြင်းဖြင့် စတင်ရန်၊ အလေ့အကျင့်ရလာသည့်အခါ တစ်ချက်တစ်ချက် အရှိန်မြှင့်တင်၍ နှလုံးခုန်မြန်လာအောင် လျှောက်ရန်၊ ကုန်းအတက်များ၊ လှေကားအတက်များကို လေ့ကျင့်ခန်းအဖြစ် တက်ရန်၊ လမ်းလျှောက်ချိန်နှင့် အကွာအဝေးတို့ကို တတ်နိုင်သလောက်တိုးမြှင့်သွားရန် စသည့်အကြံပြုချက်များမှာ အလွယ်တကူ လုပ်ဆောင်နိုင်သလောက် အကျိုးများလှသည်ကို လက်တွေ့ ပြုလုပ်သည့်အခါ သိရှိနိုင်သည်။

မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်နိုင်မှုနှင့် နိုင်ငံသားတို့၏ မျှော်မှန်းသက်တမ်းတို့မှာ ဒေသတွင်းနိုင်ငံများတွင် အနည်းဆုံး အခြေအနေသို့ ရောက်ရှိနေရာ ကိုယ့်ကျန်းမာရေးကို ကိုယ်တိုင်စောင့်ရှောက်နိုင်ကြဖို့လိုသည်။ အသက်ဉာဏ်စောင့်ဟူသော ဆိုရိုးနှင့်အညီ မိမိကိုယ်တိုင် ကျန်းမာရေးအတွက် စားသောက်နေထိုင်မှု အပြုအမူများတွင် ဂရုပြုကြရန်နှင့် နေ့စဉ်မှန်မှန် လမ်းလျှောက်ကြရန် အသက်ရှည်ရာ အနာမဲ့ကြောင်း အကျိုးမျှော်၍ တိုက်တွန်းအပ်ပါကြောင်း။ ။

## အင်္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒသမအစည်းအဝေး၊ အင်္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေးများကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အင်္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ ဒသမအစည်းအဝေးကို ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၃၊ ၄၊ ၅၊ ၆) ရက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ(၄၊ ၅၊ ၆၊ ၇)ရက်၊ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၇၊ ၈)ရက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ(၈၊ ၉)ရက်၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် (၄၇) ပါးစုံညီ ဒသမအစည်းအဝေးကြီးကို ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ရက်၊ ကြာသပတေးနေ့အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများ ပင့်လျှောက်ထားပြီးဖြစ်သည်။

ထို့ပြင် အင်္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေးကို ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၁၀၊ ၁၁၊ ၁၂) ရက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ(၁၁၊ ၁၂၊ ၁၃)ရက်၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ (၁၀) ရက်၊ ကြာသပတေးနေ့အရောက် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်ပေးတော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**



ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ဝါဆိုဦးကျောင်းတိုက်နှင့် မြဝတီမြို့နယ်ရှိ ကိုးနဝင်းကျောင်းဇောတိရတနာစာသင်တိုက်တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ လေးကျွန်းမြေအုဋ္ဌကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်ရှိ သာသနာ့ဝေပုလ္လကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိအောင်မြေဘုံစံကျောင်းတိုက်သို့ လည်းကောင်း **(အပေါ်ပုံ)** ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိ၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအလိုက် စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းတိုက်များသို့ ဆန်၊ ဆီ၊ ဆား ကုလားပဲများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် အေးချမ်းဝေစည် ဘုန်းတော်ကြီးကျောင်းတိုက်နှင့် အသောကသီလရှင်ကျောင်းတိုက် တို့အား ဆွမ်းဆန်၊ ဆီ၊ ပဲများ စသည့် လှူဒါန်းဖွယ်ထောက်ပံ့ပစ္စည်းများကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တမူးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းတွင် သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

❒ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ရင်ရင်နွယ်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင်အလှူရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရိုးရာယဉ်ကျေးမှု အသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ သစ်သီးဆွမ်းတော်၊ ပန်းမန်နံ့သာနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

## ပရိဝုဏ်တွင် ပက်ဖျန်း

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်တော် ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

## လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ကြီးထံ လည်းကောင်း၊ မိသားစုဝင်များက ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများကို နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးထံသို့ လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချ အမျှပေးဝေ

ထို့နောက် လဲချားမြို့၊ ဟော်ခမ်းကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုဘောဂထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့်

*စာမျက်နှာ ၄ သို့*



◆ လက်ရှိအချိန်တွင် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသည် နှစ်ပေါင်း ၁၀၀ သက်တမ်းရှိပြီဖြစ်ပြီး သမိုင်းဝင်ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆက်လက်ပြုပြင်မွမ်းမံ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာကြိုးဆွဲကာ မင်္ဂလာရထားပျံဖြင့် ဂန္ဓကုဋိကျောင်းဆောင်တော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ ဂန္ဓကုဋိကျောင်းဆောင်တော်အား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ စုပေါင်း၍ မင်္ဂလာကြိုးဆွဲကာ မင်္ဂလာရထားပျံဖြင့် ဂန္ဓကုဋိကျောင်းဆောင်တော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြကာ ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။



## လှည့်လည်ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မဟာမြတ်မုနိဘုရားကြီး သမိုင်းအကျဉ်း၊ ကျိုင်းတုံဒေသသို့ မြတ်ဗုဒ္ဓသာသနာ ရောက်ရှိလာပုံ၊ ဂုံရှမ်းဘာသာနှင့် စာပေပေါ်ထွန်းခဲ့မှု၊ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့ကြသည့် စော်ဘွားကြီးများ၊ ကျိုင်းတုံမြို့ သမိုင်းအကျဉ်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့၊ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

## ပြုပြင်မွမ်းမံထိန်းသိမ်း

အဆိုပါ ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးကို ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ခရစ်နှစ် ၁၉၂၁ ခုနှစ်တွင် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စောကွန်းကျောက်အင်းထရိုင်က ကျိုင်းတုံဒေသတွင် ဗုဒ္ဓသာသနာတော်တည်တံ့စေရန်၊ သာသနာတော် နေလို လလို ထွန်းလင်းစေရန် ရည်ရွယ်၍ မန္တလေးမြို့ဟောင်း ဘူတာရုံအနောက်ဘက် လေးအိမ်တန်းရပ်နေ ပန်းပုပညာရှင် ဆရာကြီး ဦးသစ်ထံတွင် သွန်းလောင်းပူဇော်ခဲ့ခြင်းဖြစ်ကြောင်း၊ သွန်းလောင်းပူဇော်အပြီးတွင် ထိုစဉ်အခါက မန္တလေးမှ ကျိုင်းတုံမြို့အထိ မော်တော်ယာဉ်လမ်းပေါက်ရောက်ခြင်းမရှိသဖြင့် ရုပ်ပွားတော်ကို အပိုင်းပိုင်းဖွဲ့ယူကာ လူအင်အား၊ ကျွဲလှည်း အင်အားများစွာဖြင့် ခရီးလမ်းပန်း အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်၍ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပင့်ဆောင်ပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် ဝိဟာရကျောင်းတော်ကို တည်ဆောက်ခဲ့ပြီး ကျောင်းတော်အတွင်းရှိ ပလ္လင်တော်သို့ ဘုရားကြီးကို ပင့်ဆောင်တော်မူခဲ့ကြောင်း၊ ထို့နောက် ခေတ်အဆက်ဆက် အစိုးရများ၊ ဒေသခံပြည်သူများ၊ စေတနာရှင်အလှူရှင်များက ဘုရားကြီးအား ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ပြီး နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်နေ့ကို မဟာမြတ်မုနိဘုရားပွဲအဖြစ် သတ်မှတ်က အစဉ်အလာမပျက် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသည် နှစ်ပေါင်း ၁၀၀ သက်တမ်းရှိပြီဖြစ်ပြီး သမိုင်းဝင်ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆက်လက်ပြုပြင် မွမ်းမံထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဘုရားကြီး နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှုကို ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာတောရ ကျောင်းတိုက် ဦးစီးပဓာနနာယက (ဝစီပိတ်) ဆရာတော်ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ယနေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော် အတွင်း သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုသည်။

## လှည့်လည်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပရိဝုဏ်တော်အတွင်းသို့ ရောက်ရှိကြပြီး အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ လက်ယာရစ်လှည့်လည် ပူဇော်ကြကာ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးရေး ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။ ထို့နောက် ရုပ်ပွားတော်မြတ်ကြီးအတွင်း ဗုဒ္ဓဝင်ဖြစ်တော်စဉ်များကို စကျင်ကျောက်တော်များဖြင့် ထွင်းထုပူဇော်ထားမှုအား လှည့်လည်ကြည်ညိုကြသည်။

## ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓဥယျာဉ်တော်နှင့် လွိုင်မွေတောင်အပန်းဖြေစခန်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည့် Sky Train စီမံကိန်း မြေနေရာအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## သွားရောက်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း ရှုခင်းသာနေရာ၊ ဗုဒ္ဓဥယျာဉ်တော်နှင့် သောက်သုံးရေ လိုအပ်လျက်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများအတွက် ရေလှောင်တမံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရေလှောင်တမံ ဆောင်ရွက်နေမှုအခြေအနေနှင့် ကျိုင်းတုံမြို့နယ် ရေကြီးရေလျှံမှုကာကွယ်ရေး ဘဏ္ဍာနှစ်အလိုက် ချောင်းများမှ

*စာမျက်နှာ ၆ သို့*

**မြစ်၊ ချောင်းများအတွင်းရှိ ရေများကို စိုက်ပျိုးရေးတောင်သူများ ရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး အသေးစား ရေတင်စိုက်ပျိုးခြင်းများကို ကျိုင်းတုံဒေသတွင် ကနဦးစမ်းသပ်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများမှ အလေးထားဆောင်ရွက်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရေလှောင်တမံတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*
သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်ရေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချ၍ သဘာဝမှ သိုလှောင်ရရှိနိုင်သည့် ရေကို ဆည်တည်ဆောက်၍ ထိန်းသိမ်းသုံးစွဲရန်လိုကြောင်း၊ ထိုသို့သုံးစွဲရာတွင်လည်း ရေသုံးစွဲမှုကို စနစ်တကျ သုံးစွဲရန်လိုကြောင်း၊ မြစ်ချောင်းများအတွင်း မိုးရာသီ၌ ရေဝင်ရောက်မှု ပိုမိုများပြားစေရေး သဲနုန်းများကို ယခုပွင့်လင်းကာလများတွင် စနစ်တကျ ဖယ်ရှားရှင်းလင်းထားရန်လိုကြောင်း၊ အဆိုပါ မြစ်၊ ချောင်းများအတွင်းရှိ ရေများကို စိုက်ပျိုးရေးတောင်သူများ ရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး အသေးစားရေတင်စိုက်ပျိုးခြင်းများကို ကျိုင်းတုံဒေသတွင် ကနဦးစမ်းသပ်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများမှ အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ အသေးစား ရေတင်စိုက်ပျိုးခြင်းဖြင့် အောင်မြင်မှုများရရှိပါက နိုင်ငံတစ်ဝန်းတွင်လည်း အဆိုပါစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်မှသာ စိုက်ပျိုးရေးတောင်သူများ၏ လူမှုစီးပွားဘဝ ဖြစ်ထွန်းတိုးတက်လာမည်ဖြစ်သဖြင့် အောင်မြင်အောင် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝစီပိတ်ဆရာတော်ကြီး ကိုယ်တိုင်ဦးဆောင် ကမကထပြု၍ တည်ဆောက်ပူဇော်လျက်ရှိသည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ပူဇော်ပြီးစီးမှုအခြေအနေ၊ ကမ္မဝိသုဒ္ဓိခဏ္ဍသိမ်တော် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုဌာနချုပ်ရုံးဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုဌာနချုပ်ရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၄၅) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုဌာနချုပ်ရုံးကို ပြည်ထောင်စုဝန်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်၍(ယာပုံ) အမှာစကားပြောကြားပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အသိအမှတ်ပြုလွှာနှင့် အဖွဲ့ဝင်ကတ်များကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုဌာနချုပ်အတွက် အလှူငွေများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ဒုတိယရဲချုပ်(၁)၊ ရဲဗိုလ်ချုပ် အောင်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စား ငွေကျပ်သိန်း ၅၀၀ နှင့် ရဲမှုထမ်းဟောင်း အလှူရှင်များက ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁)နှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၊ မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲကို ယနေ့ညပိုင်းက နေပြည်တော်ရှိ မြန်မာ့မီးရထားဘူတာကြီး၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၊ ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။



ပြိုင်ပွဲမစတင်မီ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ယခု ထမနဲထိုး ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့်အတွက် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုတို့ တည်တံ့နေခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးနှင့် ဘာသာစာပေလည်း ပျောက်ကွယ်မှာဖြစ်ကြောင်း၊ မျိုးချစ်စိတ်ရှိသူတိုင်းက မိမိတို့အစဉ်အလာကောင်းများကို မပျောက်ပျက်အောင် ကြိုးပမ်းလေ့ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်တွင် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဟူသော အချက်လည်းပါရှိကြောင်း၊ ထမနဲထိုးခြင်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့် ဆောင်ရွက်နိုင်သည့် ကိစ္စမဟုတ်ဘဲ အားလုံးတက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှသာ အောင်မြင်နိုင်သည့် ကိစ္စဖြစ်သည့်အတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားကာ ပြိုင်ပွဲအစီအစဉ်များကို စတင်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ယခုကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသို့ နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဌာနကိုးခုတို့မှ ပြိုင်ပွဲဝင်အသင်းများက ပါဝင်ယှဉ်ပြိုင်ကြကာ အနိုင်ရရှိသည့် အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတစ်ဝန်းရှိ ထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**သီဆိုကပြဖျော်ဖြေ**

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “MRTV နှင့် ကောင်းသောနေ့” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆) နှစ် သမိုင်းမှတ်တိုင် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုအမည်မှ စတင်ခဲ့ပြီး ယခုဆိုလျှင် (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထည်ထည်ဝါဝါ ရပ်တည်နိုင်ခြင်းသည် တာဝန်ထမ်းဆောင်ခဲ့သူအားလုံး၏ ကြိုးပမ်းမှုကြောင့် ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် အဓိကလုပ်ငန်းရပ်များအပြင် နိုင်ငံတော်က အလေးထားရသော၊ ပြည်သူများအားကိုးရသော ဝန်ကြီးဌာနဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်နှင့်ညီသော၊ နည်းပညာသစ်လွင်သော အစီအစဉ်ကောင်းများ တင်ဆက်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ အနုပညာရှင်များနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ MRTV News Channel အသစ်တစ်ခုကို ဖေဖော်ဝါရီ ၁ ရက်တွင် ထပ်မံထုတ်လွှင့်နိုင်ခဲ့ပြီး နောက်ပိုင်းတွင်လည်း အစီအစဉ်အသစ်များ၊ ရုပ်သံလိုင်းအသစ်များ ထပ်မံထုတ်လွှင့်၍ ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လာမည့်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မီဒီယာစွမ်းအားဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းများ၊ အနုပညာရှင်များကလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာပွင့်ဆန်းတို့က ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ငွေကျပ် ၁၆၆၀၇၀၀၀ တန်ဖိုးရှိ တူညီဝတ်စုံများကို ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “ရှင်သန်နေမည် MRTV” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့် အနုပညာရှင်များက တေးသီချင်းများ သီဆိုဖျော်ဖြေကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက အဍ္ဍလီအငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio)မှ ဗမာ့အသံ ( Burma Broadcasting Service–BBS ) အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။

ယခုအခါ MRTV HD ၊ MRTV News ၊ MRTV NRC ၊ MRTV Farmers’ ၊ MRTV Parliament ၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုး ပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

**FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်**

မြန်မာနိုင်ငံအရပ်ရပ်မှ အများပြည်သူများ အရုပ်၊ အသံအရည်အသွေးကောင်းမွန်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၅၈ ရုံ ဖွင့်လှစ်ထားရှိပြီး မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ထားသည့် စက်ရုံ ၈၅ ရုံ၊ Digital စနစ်ဖြင့် ထုတ်လွှင့်သည့် DVB T2 လွှင့်စက် တပ်ဆင်ထားသည့် စက်ရုံပေါင်း ၁၅၃ ရုံ ဖြင့် ထုတ်လွှင့်လျက်ရှိသည်။

**သတင်းစဉ်**






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



# (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ယနေ့နံနက်ပိုင်းပွဲစဉ်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၂) တပ်ခွဲစစ်တီးဝိုင်းအသင်း၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ညနေပိုင်း ပွဲစဉ်များအဖြစ် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲ စစ်တီးဝိုင်းအသင်း၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲ စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၈ သင်းဖြင့် ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီမိုကရေစီဟု ဆိုရာဝယ် . . .

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

ကမ္ဘာ့နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်အမျိုးမျိုး ကျင့်သုံးတာကို တွေ့ရပါတယ်။ ဒီမိုကရေစီစနစ်ဟာ နိုင်ငံပေါင်း ၁၁၀၊ ၅၄ ဒသမ ၈ ရာခိုင်နှုန်းက ကြိုက်နှစ်သက်တဲ့ နိုင်ငံရေးစနစ် တစ်ရပ်ဖြစ်ပါတယ်။

ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ လိုအပ်ချက်လို့ပဲ ပြောပြော၊ ကိုလိုနီနိုင်ငံဖြစ်ခဲ့လို့ပဲပြောပြော ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ဖို့ လိုအပ်ချက်တွေ ရှိနေတတ်ပါတယ်။ သမိုင်းကြောင်းတွေကလည်း အရိပ်ပမာလွှမ်းမိုးတတ်ပါတယ်။

မြန်မာဝေါဟာရတွေအရ ဒီမိုကရေစီ (Democr–acy)၊ လွတ်လပ်မှု(Freedom)၊ လွတ်လပ်ရေး (Independence)၊ လွတ်မြောက်မှု (Liberation)၊ လူ့အခွင့်အရေး (Human Rights)၊ အတိုက်အခံပါတီ (Opposition Party)၊ ပြည်သူ့ဝန်ထမ်း (Public Servant)၊ အစိုးရဝန်ထမ်း (Government Servant)၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (NGO) စတဲ့ ဆိုလိုရင်း အဓိပ္ပာယ်တွေနဲ့ နားလည်သူတွေဟာ သာမန်မြန်မာလူထုထဲမှာ ရှုပ်ထွေးနေတတ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို ကျင့်သုံးကြပေမယ့် အကျိုးဆက်ရလဒ်မှာတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူတာကို တွေ့ရပါတယ်။ အတိုက်အခံပါတီဆိုတိုင်း အစိုးရလုပ်သမျှ၊ စီမံသမျှ တိုက်ထုတ်ဆန့်ကျင်နေဖို့မဟုတ်။ ဒီမိုကရေစီကျင့်စဉ်အရ ကောင်းဖို့နည်းလမ်း၊ ကောင်းဖို့အတွက် အကျိုးအကြောင်းနဲ့ ဝေဖန်သုံးသပ်ခြင်း၊ ညှိနှိုင်းခြင်းသည်သာ အတိုက်အခံရဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ဆန့်ကျင်တိုက်ပွဲဝင်ခြင်းဟာ ဒီမိုကရေစီရဲ့ အစွန်းတရားပဲ ဖြစ်တယ်လို့မြင်ပါတယ်။ အကျပ်အတည်း အခက်အခဲ၊ အစိုးမရလောက်တဲ့ အခြေအနေမျိုးတွေ ကြုံတဲ့အခါ တွေးခေါ်မြော်မြင်မှု အတွေ့အကြုံတွေအရ ဝေဖန်ပိုင်းခြားနိုင်တဲ့ အရည်အချင်း တွေကို အခြေပြုပြီး အပြောင်းအလဲလုပ်နိုင်ဖို့ ဒီမိုကရေစီဟာ ဖွင့်ထားတဲ့သဘောရှိပါတယ်။ ဒီမိုကရေစီကို ကျင့်သုံးကြရာမှာ စဉ်းစားတွေးခေါ်မြော်မြင်နိုင်တဲ့ လူထုလူတန်းစား၊ နိုင်ငံသားများရဲ့ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု၊ ပြည်သူ့ဝန်ထမ်းများ အလွန် လိုအပ်ပါတယ်။

**ဒီမိုကရေစီဟာ ကျွန်မတို့ရဲ့ ဘဝခရီးလမ်းကျင့်စဉ်**

ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ (Margret Thatcher) နဲ့ အမေရိကန်သမ္မတ ရိုနယ်ရီဂင်တို့ အိမ်ဖြူတော်မှာ တွေ့ဆုံပြီး မိတ်ဆက်မိန့်ခွန်း ပြောကြားရာမှာ "Democracy is our way of life" ဒီမိုကရေစီဟာ ကျွန်မတို့ရဲ့ ဘဝခရီးလမ်းကျင့်စဉ်ပဲ ဖြစ်တယ်လို့ မာဂရက်သက်ချာက ပြောကြားခဲ့ပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေရဲ့ ဒီမိုကရေစီပုံစံဟာ သူ့ပုံစံနဲ့သူဖြစ်ပါတယ်။

**"ယနေ့မျိုးဆက်အသီးသီးဟာ လွတ်လပ်မှု (Freedom) ဆိုတာ ဘာလဲသိဖို့ လိုပါတယ်။ လွတ်လပ်မှုဆိုတာ ကျွန်တော်တို့လုပ်ချင်တာ လုပ်ဖို့မဟုတ်၊ လုပ်သင့်တာကိုလုပ်နိုင်ဖို့ အခွင့်အလမ်း ရှိဖို့လိုပါတယ်" လို့ ပုပ်ရဟန်းမင်းကြီး (Pope) ဂျွန်ပေါ(၂) John Paul (II) က လူထုကို ရှင်းပြတာကို ဖတ်ရှုရပါတယ်။ လွတ်လပ်မှု (Freedom) နဲ့ တာဝန်ရှိမှု (Responsibility) ဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ လွတ်လွတ်လပ်လပ်နေဖို့ ကြံရွယ်တယ်ဆိုရင် ပြည်သူ့နီတိ (Civil Responsibility) ကို စတင်ဆည်းပူးရလိမ့်မယ်။ ဒါကြောင့် မြန်မာတို့ရဲ့ ပြည်သူ့နီတိဟာ ဒီမိုကရေစီကို ထွန်းကားစေပါတယ်။ "ကိုယ့်မှာလည်း တာဝန်ရှိပါလား" ဆိုတဲ့ ခံယူချက်နဲ့ ပြည်သူတစ်ယောက်ဟာ ပြောဆို၊ ရေးသား၊ ကိုယ်တိုင် လက်တွေ့ကျင့်ကြံကျင့်သုံးမယ်ဆိုရင် ပြည်သူကို အကျိုးပြုစေပါတယ်။**

စာတတ်ပေတတ်၊ ဗဟုသုတ၊ ကြွယ်ဝသူ၊ ပညာ




**❍ "ယနေ့မျိုးဆက်အသီးသီးဟာ လွတ်လပ်မှု (Freedom) ဆိုတာ ဘာလဲသိဖို့ လိုပါတယ်။ လွတ်လပ်မှုဆိုတာ ကျွန်တော်တို့လုပ်ချင်တာ လုပ်ဖို့မဟုတ်၊ လုပ်သင့်တာကိုလုပ်နိုင်ဖို့ အခွင့်အလမ်းရှိဖို့လိုပါတယ်" လို့ ပုပ်ရဟန်းမင်းကြီး (Pope) ဂျွန်ပေါ(၂) John Paul (II) က လူထုကို ရှင်းပြတာကို ဖတ်ရှုရပါတယ်။ လွတ်လပ်မှု (Freedom) နဲ့ တာဝန်ရှိမှု (Responsibility) ဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ လွတ်လွတ်လပ်လပ်နေဖို့ ကြံရွယ်တယ်ဆိုရင် ပြည်သူ့နီတိ (Civil Responsibility) ကို စတင်ဆည်းပူးရလိမ့်မယ်။ ဒါကြောင့် မြန်မာတို့ရဲ ပြည်သူ့နီတိဟာ ဒီမိုကရေစီကိုထွန်းကားစေပါတယ်။ "ကိုယ့်မှာလည်း တာဝန်ရှိပါလား" ဆိုတဲ့ ခံယူချက်နဲ့ ပြည်သူတစ်ယောက်ဟာ ပြောဆို၊ ရေးသား၊ ကိုယ်တိုင်လက်တွေ့ ကျင့်ကြံကျင့်သုံးမယ်ဆိုရင် ပြည်သူကိုအကျိုးပြုစေပါတယ်**

တတ်တွေဟာ သူ့အတွက်နဲ့ အများကောင်းကျိုး လုပ်ဆောင်ဖို့ ဆန္ဒရှိရမယ်။ သူ့အတွက် ကောင်းကျိုးကို မလုပ်နိုင်ရင် သူ့ကိစ္စပဲ။ ဒါပေမယ့် အများအတွက် စိုးစဉ်းမျှမလုပ်နိုင်ရင်တော့ ထိုသူဟာ မကောင်းမှုပြုလုပ်ဖို့ ရှောင်ရှားရလိမ့်မယ်။ (If he can do no good for himself, much less for others, he should avoid doing what is bad.) လောကနီတိလာ ပညာရှိတို့စကားဟာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကို ထင်ဟပ်စေပါတယ်။ ပြည်သူ့နီတိပါပဲ၊ စစ်မှန်တဲ့ ဒီမိုကရေစီကို ကိုယ်တိုင်ကျင့်ကြံဖို့ပဲ လိုပါတယ်။ "ဖြစ်ချင်ရာဖြစ်ဘချစ်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုတဲ့ အဓိပ္ပာယ်လည်း မဟုတ်ပါဘူး၊ ဒီမိုကရေစီ လွတ်လပ်မှုရဲ့ ပင်ကိုသဘော မဟုတ်လောက်ဘူး" လို့ နားလည်ရပါမယ်။

**အခွင့်အရေးရဖို့ ကနဦးတောင်းဆို**

နိုင်ငံတစ်နိုင်ငံမှာ လူအများစုဟာ သူ့မူလအခွင့်အရေးရဖို့ ကနဦးတောင်းဆိုတာက များပါတယ်။ တကယ်တမ်းကျတော့ သူပေးဆပ်ရမယ့် နိုင်ငံကြီးသား တစ်ယောက်အဖြစ် ပင်မတာဝန်တွေကို ထမ်းဆောင်ဖို့ အဆင်သင့်မဖြစ်၊ ဝန်လေးနေတာက များနေတတ်ကြပါတယ်။ "ဒီမိုကရေစီရရှိရေးဒို့အရေး"လို့ တကြော်ကြော် ကြွေးကြော်တောင်းဆိုတာကများပြီး ကိုယ်တိုင်ကျင့်ကြံရမှာကိုတော့ ဝန်လေးတတ်ကြတာကို တွေ့မြင်ရပါတယ်။

"ဝီရိယလွန်ကဲတော့၊ ဆန္ဒတွေစောနေတယ်၊ ဖြစ်ချင်လွန်းအားကြီးနေတယ်၊ ဗျာများနေတယ်၊ သမာဓိ၊ သတိမပါဘဲ ဝီရိယချည်းလွန်ကဲနေရင် စိတ်တွေပျံ့လွင့်ပြီး ခရီးမရောက်ဖြစ်တတ်တာပေါ့။" ဟု မိုးကုတ်ဆရာတော်ကြီးရဲ့ တရားဓမ္မဟာ လောကီ လောကုတ္တရာ နှစ်ဖြာအတွက် အကျိုးပြုကြောင်း တွေ့ရပါတယ်။ "လူသားအချင်းချင်း ပေါင်းရသင်းရ၊ ဆက်ဆံကြရာမှာ မေတ္တာပမာဏ မည်မျှသေးငယ်စေကာမူ ထားကြမယ်ဆိုရင် များစွာသော ဒေါသ၊ မုန်းတီးခြင်း၊ အခဲမကြေ လက်စားချေလိုမှု၊ မတရားမှုကို ခါးခါးသီးသီး စက်ဆုပ်ရွံရှာအစရှိတဲ့ မလိုလားတဲ့ ရလဒ်တွေကို ဖယ်ရှား၊ ရှောင်ရှားနိုင်မှာဖြစ်တယ်" လို့ ပါမောက္ခချုပ် ဆရာတော်က ၂၀၀၀ ပြည့်နှစ်က ဟောကြားခဲ့ပါတယ်။ " If only people could put just a small amount of Metta in their relationships, a lot of unne–cessary anger, hatred, grudge, resentment and other undesirable results could have been avoided.'' Rector Saya taw U Silananda–bhiveomsa SE 2544, ME 1362, AD 2000.

"ကျွန်တော်တို့ဟာ ချီးမွမ်းခံချင်ကြတယ်၊ ချီးမွမ်းသမှုကို တမ်းတကြတယ်၊ လေးစားမှုကို လိုချင်ကြတယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဒီမိုကရေစီရဲ့ရှေ့မှာ လူရဲ့ မူလအခွင့်အရေး (Human Rights) လာသင့်တယ်လို့ ယုံကြည်ပါတယ်။"လို့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူက ၂၀၁၃ ခုနှစ် အောက်တိုဘာလ Reader's Digest မှာ ပြောကြားတာကို ဖတ်ရှုရပါတယ်။

**ဘာမှမတတ်နိုင်ဘူး**

၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလထဲမှာ အင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ပြင်းထန်ခဲ့ပါတယ်။ လူအုပ်နဲ့ ဆန္ဒပြတာတွေဟာ၊ ထိန်းမနိုင်သိမ်းမနိုင်လောက်အောင် ဖြစ်တယ်လို့ဆိုပါတယ်။ "အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိသူတွေနဲ့ တရားဥပဒေရေးမှာ တာဝန်ထမ်းဆောင်သူတွေကို နေ့စဉ်ရက်ဆက် ဆန္ဒပြတိုက်ခိုက်နေတယ်။ အခုလိုဝရုန်းသုန်းကားဖြစ်နေတဲ့ ကျယ်ပြောတဲ့နိုင်ငံကို ဒီမိုကရက်တစ်အစိုးရနဲ့ အုပ်ချုပ်မယ်လို့ စိတ်ကူးယဉ်ခဲ့ကြတယ်။ ဘယ်လိုလုပ်မှာလဲ..ပြော၊ စစ်တပ်မပါဘဲ အဲဒီနိုင်ငံကို အုပ်ချုပ်လို့ မရနိုင်ဘူး" လို့ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် Newsweek မှာ မီးမောင်းထိုးထောက်ပြတာကို တွေ့ရပါတယ်။ မေတ္တာပို့ဆုတောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

၁၉၉၇ အောက်တိုဘာလအတွင်း အမေရိကန်သမ္မတ ဘီလ်ကလင်တန်ရဲ့ အစိုးရအဖွဲ့ဝင်များဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ကျန်ဇီမင်း (Jiang Zemin) ကို အိမ်ဖြူတော် တောင်ဘက်မြက်ခင်းပြင် မီတာ ၅၀၀ အကွာကနေ အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး အလေးပြုကြိုဆိုခဲ့ပါတယ်။ လူ့အခွင့်အရေး၊ နှစ်နိုင်ငံကြား နားလည်မှုပိုမိုမြင့်မားရေး၊ ဘုံရည်မှန်းချက်ကျယ်ပြောရေး၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးရေး၊ အနာဂတ်ကို နှစ်နိုင်ငံအတူတကွ တည်ဆောက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးတို့ကို ဖွံ့ဖြိုးမှုအဆင့်သစ်ဆီသို့ ယူဆောင်ရေးတို့ ဆွေးနွေးခဲ့ပါတယ်။

သမ္မတကလင်တန်က "တရုတ်နိုင်ငံဟာ ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကစပြီး တိုးတက်မှုရှိကြောင်း၊ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများဟာ သန်းပေါင်းများစွာကို ဆင်းရဲတွင်းကနေ ဆွဲတင်နိုင်ခဲ့ကြောင်း၊ ကျောင်းတွေဟာ ပို၍ကောင်းလာကြောင်း၊ လူနေမှုအဆင့်မြင့်လာကြောင်း" ချီးမွမ်းပြောဆိုနှုတ်ခွန်းဆက်တာ တွေ့ရပါတယ်။ ကလင်တန်က ဆက်လက်ပြောဆိုရာမှာ "သမိုင်းတစ်လျှောက်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အခက်အခဲအကျပ်အတည်းတွေကို တရုတ်နိုင်ငံရဲ့ ရပ်တည်မှုဟာ သမိုင်းရဲ့မှန်ကန်တဲ့ဘက်မှာ ရှိတာကို အသိအမှတ်ပြုပါကြောင်း၊ ဒီကိစ္စကို ကြိုဆိုပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာတွင်မှု တရုတ်အစိုးရ ပေါ်လစီဟာ သမိုင်းရဲ့အမှားဘက်မှာ ရှိနေတယ်လို့ ယုံကြည်ကြောင်း ပြောတာကိုလည်း တွေ့ရပါတယ်။

သမ္မတ ကျန်ဇီမင်းကမူ နောင်တရ ဝမ်းနည်းတဲ့ လက္ခဏာမပြ။ ပြန်လည်ဆွေးနွေးရာမှာ “၁၉၈၉ ခုနှစ် နွေရာသီအတွင်း ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေး ပယောဂ အနှောင့်အယှက်ဟာ လူမှုရေးတည်ငြိမ်မှုနဲ့ နိုင်ငံရဲ့လုံခြုံရေးထိ ကြီးမားစွာ အန္တရာယ်ပြုလာတာကြောင့် တရုတ်အစိုးရဟာ လိုအပ်တဲ့ တုံ့ပြန်မှုတွေကို ဥပဒေနဲ့အညီ အခြေအနေကို ဖြေရှင်းခဲ့ရကြောင်း” ပြောကြားခဲ့တာ တွေ့ရပါတယ်။ ဥပဒေအရ၊ ဖွဲ့စည်းပုံအရဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။

### အေးချမ်းသာယာမှုတွေက သက်သေ

“သန်းပေါင်းတစ်ထောင့်နှစ်ရာရှိတဲ့ တရုတ်တို့ဟာ ယခုအချိန်မှာ (၁၉၉၇ ခုနှစ်) အေးချမ်းတဲ့ လူမှုဘဝနဲ့ နိုင်ငံရေးတည်ငြိမ်မှုတွေ မခံစား၊ မစံစားရရင် ဒီနေ့ ပြုပြင်ပြောင်းလဲမှုပြုနိုင်ဖို့ အခြေအနေရောက်မှာမဟုတ်။ ဒီနေ့အချိန်အခါမှာ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးဖို့ ခက်ခဲပါလိမ့်မယ်။ နိုင်ငံရေးတည်ငြိမ်မှုနဲ့ လူမှုဘဝတည်ငြိမ် အေးချမ်းသာယာမှုတွေက သက်သေတွေပဲဖြစ်တယ်”လို့ ကျန်ဇီမင်းက ပြန်လည်ဆွေးနွေးခဲ့တယ်။ “နိုင်ငံကြီးနှစ်နိုင်ငံဟာ အချို့သောကဏ္ဍတွေမှာ ခြားနားတဲ့အမြင်ရှိတာ သဘာဝတရားပဲ။ ဒီမိုကရေစီရဲ့ သဘောသဘာဝနဲ့ စံတွေ၊ လူအခွင့်အရေးတွေဆိုတဲ့ ကိစ္စများဟာ၊ နှိုင်းယှဉ်ချက် နှိုင်းရချက်တွေပဲ” (It is natural for our two countries to hold different views on some issues. The concept on democracy, human rights are relative and specific ones,Jian said.) ဒီသဘောတရားတွေဟာ တရားကိုယ်သဘောမဟုတ်၊ တရားသေမဟုတ်၊ သီးသန့်စီရှိနေတဲ့ အကြောင်းခြင်းရာများပဲ ဖြစ်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

သိုးနဲ့ဆိတ်ဟာ အလှချင်းတစ်မျိုးစီ ပိုင်ဆိုင်ကြသလိုဖြစ်ပါတယ်။ လူဆိုတာက နှိုင်းယှဉ်ပြီးကြည့်လေ့ရှိတာကြောင့် သိုးကပိုလှတယ်လို့၊ ဆိတ်ကပိုလှတယ်လို့ လူရဲ့အမြင်၊ ဦးနှောက်နဲ့ နှလုံးသားက ဆုံးဖြတ်ကြတာ ဖြစ်ပါတယ်။ သိပ္ပံအရာမှာတော့ စံဆိုတာ သတ်မှတ်လို့ရပါတယ်။ ရေရဲ့သိပ်သည်းဆ (specific gravity of water) ကို တစ်လို့သတ်မှတ်ပါတယ်။ နိုင်ငံရေးစနစ် နိုင်ငံရေး နယ်ပယ်မှာတော့ ဒီမိုကရေစီလွတ်လပ်မှုနဲ့ လူ့အခွင့်အရေးကိစ္စတွေဟာ သီးသန့်စီ ရှိနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ စံသတ်မှတ်ဖို့ ခက်ခဲပါတယ်။



၁၂-၅-၂၀၂၁ ရက်က အရှေ့အလယ်ပိုင်းဒေသ အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းဒေသ ဂါဇာမြို့ရှိ အဆောက်အအုံများ မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

အမေရိကန် ပြည်ထောင်စုနဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နှစ်နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံတွေဟာ တစ်မျိုးစီ ကောင်းကြတယ်လို့မြင်ပါတယ်။ နိုင်ငံရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရင် လုံလောက်ပါပြီ။ နှစ်နိုင်ငံပူးပေါင်း မိတ်ဖက်ပူးတွဲရေးကိစ္စ ပွင့်လင်းလာစေဖို့ အမေရိကန်နဲ့ တရုတ်တို့ဟာ ပူးပေါင်းဖို့ ပိုပြီးလိုလာပါတယ်။ ထိပ်တိုက်ရင်ဆိုင် လက်ခမောင်းခတ်နေဖို့ ခေတ်မဟုတ်တော့ပါဘူး။ နိုင်ငံတကာ ကြုံတွေ့နေတဲ့ စိတ်ခေါ်မှုတွေကို တံချူနဲ့ ချူနိုင်ဖို့က အဓိက၊ ကြောင်ဟာ မည်းသည်ဖြူသည်ဆိုတာ အဓိကမဟုတ်၊ ကြွက်ဖမ်းမိဖို့ကအဓိကဆိုတဲ့ စကားလိုပါပဲ။

### သူ့ပုံစံနဲ့သူ

တိုင်းပြည်အသီးသီးရဲ့ ဒီမိုကရေစီပုံစံဟာ သူ့ပုံစံနဲ့သူသာဖြစ်ပါတယ်။ ၂၁ ရာစု ကမ္ဘာဟာ ငြိမ်းချမ်းမှု ပိုမိုရှိလာဖို့နဲ့ ကုလသမဂ္ဂရဲ့ထောင်စုသစ် ရည်မှန်းချက် ၁၇ ချက် ဖြည့်စွမ်းပေးနိုင်ဖို့ဟာ မိမိတို့ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက လူသားတွေရဲ့ အကျိုးဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတိုင်းရဲ့ ဒီမိုကရေစီပန်းတိုင်လို့ ဆိုနိုင်ပါတယ်။

“ရုရှားဖက်ဒရေးရှင်း သမ္မတပူတင်ရဲ့ပြဿနာ၊ သူလုပ်သင့်တဲ့ ကိစ္စအဝဝတွေကို အမေရိကန်တို့ရဲ့ မူဘောင်နဲ့ကြည့်ရင် နားလည်နိုင်စရာမရှိပေဘူး။ ‘အမေရိကန်စတိုင် ဒီမိုကရေစီ’နည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖွယ်ရာ မရှိ၊ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေသတွေနဲ့ အတွေးအခေါ် မူဘောင်တွေဟာ ရုရှားမှာ ရှိမနေလို့ပါပဲ။ ရုရှားသမ္မတ ပူတင်ဟာ အခြားနည်းလမ်းနဲ့သွားဖို့ ဖိအားပေးခံရတဲ့အပြင် အမေရိကန် ဒီမိုကရေစီအသွင်ဟာ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်ဆိုတာ လက်ခံနိုင်စရာ အကြောင်းမရှိ၊ မိုက်မဲရာကျလိမ့်မယ်” လို့ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ ထုတ် Newsweek မှာ Hans Peter Clamann Bern, Switzerland က ထောက်ပြတာတွေ့ရပါတယ်။

### ရွေးကောက်ပွဲဟာ လိုအပ်ချက်တစ်ခု

“ခေတ်သစ်ဒီမိုကရေစီ လည်ပတ်ဖို့မှာ ရွေးကောက်ပွဲဟာ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ သို့သော်လည်း ရွေးကောက်ပွဲများဟာ လိုအပ်ချက်ကြီးတစ်ခုတော့ မဟုတ်ပါဘူး။ အစိုးရတစ်ခုအဖြစ် နိစ္စဓူဝပုံမှန်လုပ်ငန်းရပ်တွေ အောင်မြင်အောင် လုပ်နိုင်ဖို့ဟာ အရေးကြီးလှပါတယ်။ အိန္ဒိယလူမျိုးများဟာ မစားရဝခမန်း ရွေးကောက်ပွဲမှ ရွေးကောက်ပွဲဆိုပြီး စွဲလမ်းနေရင်ဖြင့် ဒီမိုကရေစီရဲ့အခြားအဓိပ္ပာယ်တွေကို ပြန်လည်သင်ယူအဖတ်ဆယ်ဖို့ လုပ်ရလိမ့်မယ်။ အလျှော့အတင်း၊ သက်ညှာမှုတွေ ဥပဒေစည်းမျဉ်းစည်းကမ်းတွေ လိုက်နာကြရပေဦးမယ်။ သင်ယူနိုင်စွမ်းရှိရမယ်။ ထို့ထက်မက လိုအပ်ချက်က သည်းခံကြရပေမယ်။ ဒီကိစ္စဟာ အိန္ဒိယနိုင်ငံရေး ဂုရုတွေနဲ့ လှုပ်လှုပ်ရွရွကြွတက်နေတဲ့ နိုင်ငံသားတွေကို ကြီးမားတဲ့ တောင်းဆိုချက်ဖြစ်မယ်” လို့ “Democracy at Play” ခေါင်းစဉ်နဲ့ ၁၉၉၈ မတ်လ ၁၆ ရက်နေ့ထုတ် Newsweek မှာ ဖတ်ရှုရပါတယ်။

**“တိုင်းပြည်အသီးသီးရဲ့ ဒီမိုကရေစီပုံစံဟာ သူ့ပုံစံနဲ့သူသာ ဖြစ်ပါတယ်။ ၂၁ ရာစု ကမ္ဘာဟာ ငြိမ်းချမ်းမှု ပိုမိုရှိလာဖို့နဲ့ ကုလသမဂ္ဂရဲ့ ထောင်စုသစ် ရည်မှန်းချက် ၁၇ ချက် ဖြည့်စွမ်းပေးနိုင်ဖို့ဟာ မိမိတို့ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက လူသားတွေရဲ့အကျိုး ဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတိုင်းရဲ့ ဒီမိုကရေစီပန်းတိုင်လို့ ဆိုနိုင်ပါတယ်”**

### အဓိပ္ပာယ်ရှိရှိ အင်အားစုစည်းဖို့

အာရှတစ်ခွင်မှာလည်း ဒီမိုကရေစီဟာ ဝင်လိုက်ထွက်လိုက်ဖြစ်ကာ ကောင်းမွန်သော အစိုးရ မွေးပေးလေ့မရှိဘူး ဆိုတာပါပဲ။ ဈေးကွက်စီးပွားရေးထူထောင်ရာမှာ တကယ်လိုအပ်ချက်က စီမံကိန်းတွေ ခိုင်ခိုင်ခံ့ခံ့ ရေးဆွဲအကောင်ဖော်နိုင်ဖို့ အဓိပ္ပာယ်ရှိရှိ အင်အားစုစည်းဖို့ပဲဖြစ်ပါတယ်။ စီးပွားရေးအောင်မြင်လာတာနဲ့အမျှ အလယ်အလတ် လူတန်းစားတွေဟာ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနဲ့နည်းပညာနဲ့ ဥပဒေပိုင်းဆိုင်ရာတွေမှာ မြင့်မားလာမယ်။ တွေးခေါ်မြော်မြင်မှုတွေ၊ စဉ်းစားနိုင်မှုတွေ မြင့်မားလာပြီး ဒီမိုကရေစီဟာ ခိုင်ခံ့လာမယ်လို့ ယုံကြည်ခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုတာ အူမတောင့်၊ ဗိုက်ဝတာကစပါတယ်။ ဗိုက်ဝဖို့အရေးဟာ လူ့အခွင့်အရေးပါပဲ။ ဒီမိုကရေစီရရှိရေးထက် လျှပ်စစ်ရရှိရေးကပိုပြီး အရေးကြီးတယ်လို့ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက ပြောခဲ့ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်အပေါ် ဝေဖန်မှုတွေ ရှိခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

❑ **စည်းကမ်းအစ စာသင်ကျောင်းက ဆိုသလိုပါပဲ။ မကြာသေးမီနှစ်များက ဒီမိုကရေစီအကြောင်း သိကောင်းစရာ သဖွယ် စာသင်ကျောင်းတွေမှာ သင်ရင်ကောင်းမလားပဲဆိုပြီး စိတ်ကူးတွေရှိခဲ့ကြပါတယ်။ ကိုယ့်နိုင်ငံအနေအထား၊ လူ့စွမ်းအားအရင်းအမြစ်တွေကို အကဲခတ်ကြည့်ရင် ဒီမိုကရေစီကို ကျောင်းသင်ခန်းစာအဖြစ် သင်ကြားပို့ချနိုင်သူ ရှားပါးတာတွေ့ရပါလိမ့်မယ်။ ပြည်သူ့နီတိကို မည်မည်ရရ သင်ကြားနိုင်မယ်ဆိုရင် မြန်မာတို့ရဲ့ရိုးသားရိုးရှင်းတဲ့ဘဝဟာ ပိုပြီးရှင်သန်ကြီးထွားလာနိုင်ပါမယ်။ ပန်းတနော် အမျိုးသားကျောင်းဆရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ သူ့တပည့်များအား နှုတ်ဆက်စကားပြောကြားရာမှာ “တပည့်တို့ လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ လူတော်မဖြစ်ရင်တောင်မှ လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ ဒီနေ့ ဒို့နိုင်ငံမှာ လူတော်သိပ်ရှားတယ်။ လူဆိုးတွေက အများကြီးပဲ။” လို့ ထည့်သွင်းပြောသွားခဲ့တာကို ဖတ်ရပါတယ်**

# ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့အကြား ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်ချုပ်ဆို

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့အကြား ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်မှု သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦး၊ ဒေါက်တာပွင့်ဆန်း၊ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးတို့က အမှာစကားပြောကြားကြပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းတို့က ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။

**ပူးပေါင်းဆောင်ရွက်**

အာဆီယံ နိုင်ငံများ၏ ဘုံသဘောတူညီချက် Blue Economy for the Blue Ocean အစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ရှိနေသကဲ့သို့ အမျိုးသားဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာနှင့် စီမံချက် (National Biodiversity Strategic Action Plans) ၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှု ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းစဉ်များအရ မြန်မာနိုင်ငံရေပြင်အတွင်း ကမ်းရိုးတန်းသယံဇာတ ရေရှည်တည်တံ့စေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ နိုင်ငံအဆင့် မူဝါဒနှင့် လိုက်လျောညီထွေသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် သဘာဝ ငါးပုစွန်ဖမ်းဆီးမှုနှင့် ငါးပုစွန် မွေးမြူရေးလုပ်ငန်းများအပြင် ရေရှည်တည်တံ့ခိုင်မြဲသော လုပ်ငန်းများဆိုင်ရာ ငါးလုပ်ငန်း သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တန်ဖိုး၏ ၀ ဒသမ ၅ ရာခိုင်နှုန်း သုတေသနရန်ပုံငွေအဖြစ် ထည့်ဝင်၍ အစိုးရနှင့် ပုဂ္ဂလိကအကြား သုတေသန ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာများထားရှိရန် ကုသဆောင်များ ပြင်ဆင်ထားရှိမှုများကြည့်ရှု



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ကန်တော်ကြီးပတ်လမ်းရှိ ဇိဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့ရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာတို့၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာများထားရှိရန် ကုသဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် အဆိုပါနေရာများ၌ သန့်ရှင်းရေးနှင့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အဖွဲ့များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ လားရှိုးမြို့နှင့် ညောင်ရွှေမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂)ကျင်းပ

လွိုင်ကော် ဖေဖော်ဝါရီ ၁၅

**ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းရာတွင် ပြည်သူများနှင့် ဌာနဆိုင်ရာများစုပေါင်းအားဖြင့် ဆောင်ရွက်လျှင် လုပ်ငန်းများအားလုံး အောင်မြင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများ ဖူလုံမှုရှိစေရေးတို့သည် အရေးကြီးသည့် အချက်နှစ်ချက်ဖြစ်ပြီး မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်အတွက် ပညာတတ်များ လိုအပ်သောကြောင့် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများ၊ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရာတွင် လိုအပ်သည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစား ၊ စီးပွားရေး ၊ စက်မှုလုပ်ငန်း၊ စက်မှုလယ်ယာလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း ပြည်သူများအကျိုးအတွက် တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်နယ်အနေဖြင့် မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲနေပြီး လျှပ်စစ်မီးရရှိမှုအနေဖြင့် လွိုင်ကော်မြို့နယ်နှင့် ရှားတောမြို့နယ်တို့တွင် ၂၄ နာရီ ပုံမှန်မီးပြန်လည်ရရှိပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် မြို့နယ်များတွင်လည်း လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိအောင် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာအသီးသီးတို့က ပြည်နယ်အတွင်း ပြည်သူများအကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးမည့်အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကျရာကဏ္ဍမှ ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည့်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅



**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကျရာကဏ္ဍမှပါဝင်ကူညီ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ကျရာကဏ္ဍအသီးသီးမှ စိတ်ရောကိုယ်ပါ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အထူးပင်ဂုဏ်ပြုပါကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် အခမ်းအနားတွင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကျရာကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် အားကစားကွင်းနှင့် အားကစားရုံဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်း ၃၂၁ ဦးတို့ကို ဝန်ကြီးဌာနကိုယ်စား ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အလားတူ ပြည်ထောင်စုနေ့ ချီတက်တပ်ခွဲတွင် ပါဝင်ခဲ့သည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုစစ်ရေးပြတပ်ခွဲမှ ပါဝင်ချီတက်ခဲ့ကြသော ဝန်ထမ်း ၁၆၅ ဦးကိုလည်း ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့ဝင်များကို ညှော်ခံကြိုဆို ကျွေးမွေးရေးဆောင်ရွက်ခဲ့ကြသော အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေး ဌာနခွဲ (၂)နှင့် အခြားဌာနခွဲများမှ ဝန်ထမ်း ၉၀ တို့ကိုလည်း ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း ပြောကြားပြီး အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုသောအားဖြင့် ဆန် ၆၄ အိတ် ၁၈ ပြည်၊ ဆီ ၂၅၉ ပိဿာ၊ ကုလားပဲ ၁၅၅ ပိဿာ ၄၀ ကျပ်သား၊ စုစုပေါင်းကုန်ကျငွေ တန်ဖိုးငွေကျပ် (၅၁,၈၀,၀၀၀/-) အား ဝန်ထမ်း ၅၁၈ ဦးတို့ကို အချိုးကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးကြေညာချက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်နှင့် ဆက်စပ်လုပ်ငန်းများအား အွန်လိုင်းစနစ်ဖြင့် Myanmar Tradenet 2.0 စနစ်အား ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းအလိုက်လိုအပ်သည့်အချက်အလက်များ၊ စနစ်အသုံးပြုသည့် User Guide များကို Myanmar Tradenet Website ၏ Homepage တွင်လည်းကောင်း၊ လုပ်ငန်းစဉ်အကျဉ်းချုပ်အား Announcement တွင်လည်းကောင်း ဖော်ပြထားရှိပြီး သက်ဆိုင်ရာဌာနများအလိုက် လိုအပ်ချက်ရှိပါက ထပ်မံဆက်သွယ်နိုင်သည့် Hot Line ဖုန်း/ email တို့ကို အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | သက်ဆိုင်ရာဌာနများ | နေပြည်တော် | | ရန်ကုန် | |
|---|---|---|---|---|---|
| | | ဖုန်းနံပါတ် | email | ဖုန်းနံပါတ် | email |
| ၁ | ပသက(အသစ်၊ သက်တမ်းတိုး) နှင့်ဆက်စပ်ကတ် ကိစ္စရပ်များ | ၀၆၇ - ၄၀၈၄၁၆ | dottradepolicy1@gmail.com | | |
| ၂ | ပသကပြင်ဆင်မှုကိစ္စရပ်များ | | | ၀၁ - ၃၈၈၂၉၄ | pathakaygn2022@gmail.com |
| ၃ | HS Code နှင့် ဝိုင်ကတ်ကိစ္စရပ်များ | ၀၆၇ - ၄၀၈၄၁၄<br>၀၆၇ - ၄၀၈၃၁၉ | dottradepolicy1@gmail.com | | |
| ၄ | Member နှင့် ပသက Binding ကိစ္စရပ်များ | | - | ၀၁ - ၃၇၁၂၁၉<br>၀၁ - ၃၇၅၆၆၈ | dotictygn@gmail.com |
| ၅ | ပို့ကုန်လိုင်စင်ပါမစ်ကိစ္စရပ်များ | ၀၆၇ - ၄၀၈၃၂၅ | exportandimport2022@gmail.com | ၀၁ - ၂၄၅၀၈၄ | dotyangonexport2016@၏gmail.com |
| ၆ | သွင်းကုန်လိုင်စင်ပါမစ်ဆိုင်ရာ ကိစ္စရပ်များ | ၀၆၇-၄၀၈၄၈၇<br>၀၆၇-၄၀၈၇၁၀<br>၀၆၇-၄၀၈၇၁၁ | exportandimport2022@gmail.com | ၀၁ - ၂၅၄၅၃၆ | ygnimport2019@gmail.com |
| ၇ | MIC မှ ခွင့်ပြုပို့ကုန်သွင်းကုန် လိုင်စင်ပါမစ်ကိစ္စရပ်များ | | | ၀၁ - ၆၅၈၀၂၄ | micmoc400@gmail.com |
| ၈ | ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ကိစ္စရပ်များ | ၀၆၇-၄၀၈၂၃၃ | roo.myanmar2014@gmail.com | ၀၁-၃၇၆၀၅၇ | ygnonlineco@gmail.com |
| ၉ | နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များ | ၀၆၇ - ၄၀၈၂၂၁<br>၀၆၇ - ၄၀၈၂၂၆ | dot.ict.tradenet@gmail.com | | - |

ကုန်သွယ်ရေးဦးစီးဌာန

## အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။

မိုး/ဇလ

## ကြော်ငြာလုပ်ငန်းဆောင်ရွက်လိုပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတွင် လျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဘုတ်များကို ၄၅' x ၁၅' အရွယ်အစားသတ်မှတ်၍ စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။

စိုက်ထူပြီးကြော်ညာဆိုင်းဘုတ်များအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားမည် ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ညာဌာနစိတ် ဖုန်း ၀၁-၂၅၁၄၃၀ သို့ ဆက်သွယ်စုံစမ်းကြည့်ရှုရွေးချယ်လျှောက်ထား ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ဘီးလင်း ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် တွင် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၀ သန်းစီဖြင့် ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ဘီးလင်းမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတစ်ခု၊ ဂဝံလမ်းခင်းခြင်းလုပ်ငန်းနှစ်ခုနှင့် အိမ်သွယ်ရေတိုင်ရေပိုက် သွယ်တန်းခြင်းလုပ်ငန်းတစ်ခု စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ဒီဇင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီလတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် သာခုဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်စဉ် တပို့တွဲလပြည့်နေ့ ရောက်တိုင်း ကျင်းပလျက်ရှိသော ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက်က စေတီတော်ရင်ပြင်တော်၌ကျင်းပရာ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ဆောင်ရွက်စဉ်။ မြင့်သန်းကြည်(ရွှေပြည်သာ)

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ မြို့မဈေးတွင် မတော်တဆ မီးလောင်မှု မရှိစေရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်နေစဉ်။

(အဆိုပါမီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့များ၊ မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့်ဝန်ထမ်းများ၊ ဈေးသူ/ဈေးသားများ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။) ပအိုဝ်းဒေသ (ပြန်/ဆက်)



❖ *ကျော့ဖုံးမှ*

အလားတူ ည ၁၂ နာရီခွဲတွင် ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ဇီးဖြူကုန်းကျေးရွာ၏ မြောက်ဘက် ၁ ဖာလုံခန့် အကွာမှနေ၍ လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မိနစ် ၃၀ အကြာတွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ စာသင်ကျောင်းများနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျော့ဖုံးမှ*

ပိုမိုဆိုးရွားသွားစေနိုင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများကြောင့် မြန်မာအသင်းသည် လက်ရှိကျင်းပနေသည့် အာဆီယံ ယူ၂၂ ချန်ပီယံရှစ်ပြိုင်ပွဲမှ မလွှဲမရှောင်သာ၍ နုတ်ထွက်ခဲ့ရပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်ကလည်း ယင်းကဲ့သို့ နုတ်ထွက်မှုကို နားလည်လက်ခံအတည်ပြုကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းနေ့နံနက်ပိုင်းတွင် PCR နှင့် RDT တို့ဖြင့် စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကစားသမားအချို့ Positive အဖြေထွက်ပေါ်ခဲ့ပြီး ကျန်ရှိသည့် ကစားသမားများမှာလည်း ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းပျက်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်း စသည့် ရောဂါလက္ခဏာများ ခံစားနေရကာ ကြံ့ခိုင်မှုပြည့်ဝသည့် ကစားသမား အနည်းငယ်သာ ရှိခဲ့သည်။ လက်ရှိကျင်းပနေသည့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲစတင်ခါနီး ရက်ပိုင်းအလိုတွင် နုတ်ထွက်ခဲ့ပြီး မြန်မာအသင်းမှာလည်း ပွဲကစားရမည့်နေ့တွင် ထပ်မံနုတ်ထွက်ခဲ့ရခြင်း ဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် အုပ်စု (ခ) တွင် ကျရောက်နေသည့် အသင်းဖြစ်ပြီး ယခုကဲ့သို့ နုတ်ထွက်မှုကြောင့် မလေးရှားနှင့် လာအိုအသင်းတို့သာ ယင်းအုပ်စုတွင် ကျန်ရှိတော့သည်။ အခြားအုပ်စုများဖြစ်သည့် အုပ်စု (က) တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ တီမော၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ၂၀၀၅ နှင့် ၂၀၁၉ အာဆီယံ ယူ-၂၃ ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တတိယအကြိမ် ကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲတွင် ကိုဗစ်-၁၉ အခြေအနေကြောင့် နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

## ခြေထောက်ဒဏ်ရာရရှိခဲ့သည့်အတွက် လာမည့်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေသည့် ထရစ်ပီယာ

နယူးကာဆယ်အသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ထရစ်ပီယာသည် တနင်္ဂနွေနေ့က အက်စ်စတွန်ဗီလာ အသင်းကို အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ခြေထောက် ဒဏ်ရာရရှိခဲ့သည့်အတွက် လာမည့်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေသည်။

အင်္ဂလန် ခံစစ်ကစားသမား ထရစ်ပီယာသည် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ ပေါင် ၁၂ သန်းဖြင့် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် လက်ရှိ နယူးကာဆယ်အသင်းတွင် အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရှိနေပြီး အဲဗာတန်၊ အက်စ်စတွန်ဗီလာအသင်းတို့ကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အလွတ်တည်ကန်ဘောမှတစ်ဆင့် နှစ်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည်။



ထို့အပြင် နယူးကာဆယ်အသင်းနည်းပြ ဟိုဝီသည် ပြီးခဲ့သည့်အက်စ်စတွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် လပ်စ်ဆဲလ်လပ်စ်ပါဝင်လာနိုင်ခြင်း မရှိသည့်အတွက် ထရစ်ပီယာကို အသင်းခေါင်းဆောင် အဖြစ် ကစားစေခဲ့သည်။

နယူးကာဆယ်အသင်း သည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်လေးပွဲတွင် ၁၀ မှတ်အထိ စုဆောင်းရရှိထားပြီး တန်းဆင်းဇုန်အသင်းနှင့် လေးမှတ်အကွာသို့ ရောက်ရှိလာပြီ ဖြစ်သည်။ နယူးကာဆယ်အသင်းသည် လာမည့်ပွဲစဉ် အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လမ်းမတော် မြို့နယ်နေ ကျော်စွယ်စုံ(ခ)စွယ်စုံသည် ၎င်းအသုံးပြုသည့် “Georde Swezone” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ ကျော်နှင်းဆီသည် ၎င်းအသုံးပြုသည့် “Htuemyat Myonaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကူဝိတ်နိုင်ငံ၌ ကိုဗစ် - ၁၉ စည်းကမ်းကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်

**ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၅**

ကူဝိတ်နိုင်ငံ၌ ကိုဗစ် - ၁၉ စည်းကမ်း ကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဟု ကူဝိတ်အစိုးရက ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြေညာခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ အစည်းအဝေးများ၊ ပွဲများ၊ မင်္ဂလာဆောင်များနှင့် ဂီတပွဲများကို အစိုးရက ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကူဝိတ်အစိုးရပြောရေးဆိုခွင့်ရှိသူ တာရက် အယ်မက်ဇရမ်က ပြောသည်။

သို့သော်လည်း ပွဲများကျင်းပသည့်အခါ ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။ ကာကွယ်ဆေးမထိုးထားသူများသည် ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာကြီးများနှင့် ဂီတပွဲများသို့ သွားသည့်အခါ ၇၂ နာရီအတွင်း ဆေးစစ်ထားသည့် ကိုဗစ် - ၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ကို ပြသရမည်ဖြစ်သည်။

ခရီးသွားလာမှု ကဏ္ဍတွင်လည်း ကာကွယ်ဆေးအပြည့် ထိုးထားသည့် နိုင်ငံသားများနှင့် ဒေသခံများသည် ကူဝိတ်နိုင်ငံသို့ ရောက်ရှိသည့်အခါ ပီစီအာ ဆေးစစ်မှုကို ဖျက်သိမ်းပေးရန် အစိုးရက ဆုံးဖြတ်ခဲ့သည်။ ကူဝိတ် အစိုးရဌာနများ အားလုံးသည် မတ်လ ၁၃ ရက်မှ စတင်ကာ လုပ်ငန်းခွင်များကို အင်အားအပြည့်ဖြင့် ပြန်လည်လည်ပတ်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ကူဝိတ်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဆိုင်ထိုင်စားသောက်နေကြသူများကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

# ဂျပန်နိုင်ငံက ဖိုက်ဇာ ကိုဗစ် – ၁၉ ကာကွယ်ဆေး ၁၀ သန်း ထပ်မံဝယ်ယူမည်

**တိုကျို ဖေဖော်ဝါရီ ၁၅**

ကိုဗစ် –၁၉ ကာကွယ်ဆေး ၁၀ သန်းကို ဝယ်ယူနိုင်ရေးအတွက် အမေရိကန်ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနတို့ သဘောတူညီချက်ရရှိပြီးဖြစ်ကြောင်း သိရသည်။

နောက်ထပ်ဝယ်ယူထားသည့် ကာကွယ်ဆေးများမှာ မတ်လတွင် ရောက်ရှိမည်ဖြစ်ပြီး တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်ကို အရှိန်တိုးမြှင့်လုပ်ဆောင်နိုင်လိမ့်မည်ဟု ကျန်းမာရေးဝန်ကြီး ဂိုတိုရှိဂိယူကီက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထောက်များကို ပြောသည်။

ထို့ပြင် ဖိုက်ဇာကုမ္ပဏီနှင့် နောက်ထပ်သဘောတူညီမှုကိုလည်း ဖွင့်ဟပြောဆိုခဲ့သည်။ သဘောတူညီမှုအောက်တွင် ဖိုက်ဇာကုမ္ပဏီသည် လာမည့်လအတွင်း နောက်ထပ်ကာကွယ်ဆေး ခြောက်သန်းကို ဂျပန်နိုင်ငံသို့ ပေးပို့ရမည်ဖြစ်သည်။

ယခုနှစ်အတွင်း ကာကွယ်ဆေးအလုံးရေ သန်း ၁၂၀ ကို ပေးသွားရန် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ကလေးငယ်များအတွက် ကာကွယ်ဆေးအလုံးရေ ၁၂ သန်းနှင့် အခြားသောအသက်အပိုင်းအခြားများအတွက် ကာကွယ်ဆေးအလုံးရေ ၃၄ သန်းကို အသုံးပြုမည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေးများကို ဇန်နဝါရီလနှင့် မတ်လတို့တွင် သုံးစွဲသွားမည်ဖြစ်သည်။ ထို့ပြင် ဂျပန်နိုင်ငံသည် အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် မော်ဒါနာနှင့်လည်း သဘောတူစာချုပ် ချုပ်ဆိုထားပြီး ဇန်နဝါရီလမှ မတ်လအထိ ကာကွယ်ဆေးအလုံးရေ ၁၈ သန်း ရရှိမည်ဖြစ်သည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးခြင်းဖြင့် ကိုဗစ် – ၁၉ ကြောင့် ပြင်းထန်သည့် ရောဂါလက္ခဏာများကို ကာကွယ်ပေးသည့်အတွက် ကာကွယ်ဆေးကို လျင်လျင်မြန်မြန် ထိုးကြရန် ဂိုတိုက တောင်းဆိုခဲ့သည်။

နောက်ထပ် ကာကွယ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီများနှင့်လည်း သဘောတူညီမှုများပြုလုပ်ကာ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်ကို အဆင်ပြေချောမွေ့စေရေး လုပ်ဆောင်မည်ဟုလည်း ၎င်းက ကတိပြုပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ဖိုက်ဇာ ကိုဗစ် – ၁၉ ကာကွယ်ဆေး။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖြေလျှော့လိုက်ပြီး မကြာမီ မာဒယာပရာဒက်ရှ်ပြည်နယ် ဝန်ကြီးချုပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

**နယူးဒေလီ ဖေဖော်ဝါရီ ၁၅**

အိန္ဒိယနိုင်ငံ မာဒယာပရာဒက်ရှ်ပြည်နယ်တွင် ကိုဗစ်–၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်ပြီး မကြာမီ ဖေဖော်ဝါရီ ၁၅ ရက်က ပြည်နယ်ဝန်ကြီးချုပ် ရှီဗာရက်ရှ်ဆင်းချိုဟန် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ ချိုဟန် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားခဲ့သည်မှာ ယခုတစ်ကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။

ချိုဟန်သည် လူမှုမီဒီယာပေါ်တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်းနှင့် မိမိကိုယ်တိုင် သီးသန့်ကန့်သတ် စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ပြောကြားခဲ့သည်။

RT–PCR ကိုဗစ်–၁၉ စစ်ဆေးမှုဖြင့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ကြောင်း၊ ကိုဗစ်–၁၉ ပုံမှန်လက္ခဏာများသာရှိကြောင်းနှင့် ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည့်အနေဖြင့် မိမိကိုယ်တိုင် သီးသန့်ခွဲခြားစောင့်ကြည့် နေထိုင်လျက်ရှိကြောင်း ချိုဟန်က လူမှုမီဒီယာပေါ်တွင် ရေးသားခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ စီးပွားရေးစိန်ခေါ်မှုများ ရှိနေဆဲဖြစ်သော်လည်း လုံခြုံရေးတွင် တိုးတက်မှုရှိလာ

**ကဘူးလ် ဖေဖော်ဝါရီ ၁၅**

၂၀၂၁ ခုနှစ်အတွင်း ဩဂုတ်လအတွင်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မြေပေါ်မှ ဆုတ်ခွာပြီးနောက် တာလီဘန်တို့က တိုင်းပြည်ကို ထိန်းချုပ်ခဲ့သည်။

**ဆိုးဆိုးရွားရွား ထိခိုက်စေ**

အာဖဂန်စစ်ပွဲ ပြီးဆုံးသွားသော်လည်း စီးပွားရေးအကျပ်အတည်းများက အာဂဖန်နိုင်ငံ၏ အခြေအနေကို ဆိုးရွားစေခဲ့သည်။ ဆင်းရဲမွဲတေမှုက တိုင်းပြည်ကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် မည်သည့်တိုက်ပွဲမျှ မရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း တာလီဘန်များ အာဏာရရှိပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံတွင် မည်သည့်တိုက်ပွဲမျှ ကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်း မရှိချေ။

**ညသန်းခေါင်ယံ သွားလာနိုင်ပြီ**

အိုင်အက်စ်အကြမ်းဖက်အုပ်စုသည်လည်း ကြီးမားသည့် တိုက်ခိုက်မှုကြီးများကို ပြုလုပ်နိုင်ခြင်းမရှိချေ။ ညသန်းခေါင်ယံအချိန်တွင်ပင် တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်ပြီဖြစ်ကြောင်း ကဘူးလ်မြို့မှ ပျံကျဈေးသည်တစ်ဦးဖြစ်သူ နော်အက်ခ်က ဆင်ဟွာသို့ ပြောသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ လှိုင်းလုံးကြီးများကြောင့် လူ ၁၁ ဦး သေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံ၌ လူ ၂၄ ဦးမှာ လှိုင်းလုံးမြင့်ကြီးများကြောင့် အဝေးသို့ပါသွားခဲ့ပြီး ယင်းဖြစ်စဉ်ကြောင့် ၁၁ ဦး သေဆုံးသွားခဲ့သည်ဟု သိရသည်။

အဆိုပါလူအုပ်စုမှာ ကမ်းခြေတွင် ဆုတောင်းမှုပြုလုပ်နေကြသည့် အုပ်စုဖြစ်ကြောင်း ဒေသခံရဲများက ပြောသည်။ အဆိုပါဖြစ်ရပ်မှာ အင်ဒိုနီးရှားနိုင်ငံအရှေ့ဂျာဗားတွင် ဖေဖော်ဝါရီ ၁၂ ရက် အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လှိုင်းလုံးများနောက် ပါသွားသူများမှာ အသက် ၂ နှစ်မှ ၅၅ နှစ်အထိ ဒေသခံရွာသားများဖြစ်ကြောင်း သိရသည်။ အသက်ရှင်ကျန်ရစ်သူတစ်ဦးက ၎င်းတို့သည် သန့်စင်ရေးထုံးတမ်းစဉ်လာတစ်ခုအနေဖြင့် ပင်လယ်ထဲတွင် လက်ချင်းချိတ်ကာ ရပ်နေခဲ့ကြကြောင်း ပြောသည်။

လှိုင်းလုံးကြီးများ ရိုက်ခတ်နိုင်သည့်အတွက် ကမ်းခြေကို ရှောင်ရှားကြရန် ဒေသခံကမ်းခြေစောင့်အဖွဲ့က အဆိုပါအုပ်စုကို သတိပေးခဲ့ကြောင်း သိရသည်။ အုပ်စုခေါင်းဆောင်အပါအဝင် အသက်ရှင်ကျန်ရစ်သူ ၁၃ ဦးကို ရဲများက စုံစမ်းမေးမြန်းမှုများ ပြုလုပ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



လှိုင်းလုံးရိုက်ခတ်မှုကြောင့် သေဆုံးသူများနှင့် ရှင်ကျန်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များ ပြသပေးနေမှုနှင့် တိုင်းရင်းသားရိုးရာအစားအစာများရောင်းချပေးမှုအပေါ် ပါဝင်ဆင်နွှဲကြသူအချို့၏ ဝမ်းသာပီတိစကားသံများ



ဦးစိုးပိုင်မြင့်



မောင်ခွန်ဘုန်းမြတ်သွင်



မဥမ္မာမင်းခိုင်



ဦးဆန်းဝင်း



ဒေါ်မြင့်အေး



ဦးစိုးအောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့်အပြင် တိုင်းရင်းသားရိုးရာ အစားအစာများကိုလည်း သတ်မှတ်နေရာများအလိုက် ရောင်းချပေးလျက်ရှိရာ ဂုဏ်ပြုယာဉ်များနှင့်အတူ ပါဝင်ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသူများ၊ လာရောက်လှေ့လာကြည့်ရှုကြသည့် ပြည်သူများ၊ ဂုဏ်ပြုယာဉ် တာဝန်ခံများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဦးစိုးပိုင်မြင့် ( လူမှုရေးရာဝန်ကြီး ၊ မကွေးတိုင်းဒေသကြီး)**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ တိုင်းဒေသကြီး ဂုဏ်ပြုယာဉ်နဲ့အတူ ရိုးရာယဉ်ကျေးမှုအဖွဲ့တွေက လှသောအညာမြေသီချင်းနဲ့ ပါဝင် ဖျော်ဖြေခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဂုဏ်ပြုယာဉ် ၄၆ စီးထဲမှာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးက ပထမဆုရရှိတဲ့အတွက် တိုင်းဒေသကြီးရဲ့ ဂုဏ်ကိုဆောင်နိုင်ခဲ့လို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ မကွေးတိုင်းဒေသကြီးဟာ နိုင်ငံရဲ့အားကိုးရတဲ့ ရေနံတွင်းတွေ ပေါများတဲ့အတွက် ရေနံမြေဒေသလို့လည်း ပြောလို့ရပါတယ်။ ဂုဏ်ပြုယာဉ် အမှတ် (၁) မှာ မကွေးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ရေနံမြေတွေကို ကိုယ်စားပြုပြီး ရေနံတွင်းတူးစင်တွေ၊ ရေနံစင်တွေ၊ ရေနံကန်တွေကို ပြသထားတာဖြစ်ပါတယ်။

ဂုဏ်ပြုယာဉ် အမှတ်(၂) မှာ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ရဲ့ အထက်ခြေတော်ရာ၊ အောက်ခြေတော်ရာကို ပြသထားပြီး မန်းရွှေစက်တော်ဘုရားကြီးကို မြန်မာနိုင်ငံအနှံ့ လှည့်လည်အပူဇော်ခံတဲ့အနေနဲ့ ယာဉ်ရဲ့ မုခ်ဦးအပိုင်းမှာ ဂုဏ်ပြုပူဇော်ထားပါတယ်။ မကွေးတိုင်းဟာ မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးဆိုတဲ့အတိုင်း ယာဉ်ရဲ့ ရှေ့ခန်းမှာ ဆီအိုးကြီးကိုလည်း ပြသထားပါတယ်။ ဆီအိုးကြီးရဲ့ အောက်ခြေမှာတော့ မကွေးတိုင်းမှာရှိတဲ့ ခရိုင်ငါးခုပါတဲ့ မကွေးတိုင်းဒေသကြီး မြေပုံနဲ့ စလေရုပ်စုံကျောင်းက မြန်မာမှုအနုလက်ရာတွေကို ဖော်ပြထားပါတယ်။ ဘေးပတ်ပတ်လည်မှာတော့ ဒေသထွက်ကုန်တွေဖြစ်တဲ့ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းဝါ၊ မြေပဲ၊ နေကြာ၊ ဝါတို့ကို သရုပ်ဖော်ပြသထားပါတယ်။ ကျွန်တော်တို့ဒေသက ဝါအထူးအထွက်တိုးအောင် စီမံဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ နိုင်ငံဘဏ္ဍာ မြန်မာ့ဝါနဲ့ချည်မျှင်ရှည်စိုက်ပျိုး တောင်သူဝင်ငွေတိုး ဆိုတဲ့အတိုင်း ယာဉ်ရဲ့နောက်ပိုင်းမှာ ဝါတောင်းတွေ၊ ချည်မျှင်ရှည်ဝါတောင်းတွေကို ပုံဖော်ထားပါတယ်။ ယာဉ်ရဲ့ နောက်ပိုင်းမှာတော့ စက်မှုလုပ်ငန်းတွေမှာ ဆီကြိတ်စက်တွေနဲ့ ကြိတ်နေတာမှန်ပေမယ့် ရွာတွေမှာ ရိုးရာယဉ်ကျေးမှုအရ နွားနဲ့ကြိတ်တဲ့ ဆုံလည်တွေလည်း ရှိနေသေးတယ်ဆိုတာ သိချင်စေတဲ့အတွက် ပြသထားပါတယ်။ နောက်မှာတော့ ရက်ကန်းရက်တာ အစစ်ကို ဖော်ပြထားပါတယ်။ ဒီနေ့ ရက်ကန်းရက်တာ လူနှစ်ယောက်စာပြီးသွားပါပြီ။ ဂုဏ်ပြုယာဉ် အမှတ်(၃)မှာ မကွေးတိုင်းဒေသကြီးရဲ့ ရိုးရာတွေကို သရုပ်ဖော်ပြသထားတာဖြစ်တဲ့အတွက် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်တဲ့ ဗိဿနိုးပျူမြို့ဟောင်းဒေသကို ယာဉ်ရဲ့ မုခ်ဦးမှာ ဂုဏ်ပြုဖော်ပြထားပါတယ်။ တိုင်းဒေသကြီးထဲမှာရှိတဲ့ အထင်ကရနေရာတွေဖြစ်တဲ့ သမိုင်းဝင်မကွေးမြသလွန်ဘုရား၊ မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်ကိုလည်း ဖော်ပြထားပါတယ်။ ကမ္ဘာမှာကျော်ကြားခဲ့တဲ့ မြိုင်ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းပြကွက်မှာတော့ မြေအိုးတွေနဲ့ထမင်းချက်တဲ့ပြကွက်၊ ကြက်ဖခွပ်တာတို့ကိုတော့ ရိုးရာယဉ်ကျေးမှုဓလေ့အနေနဲ့ ဖော်ပြထားတာဖြစ်ပါတယ်။

**မောင်ခွန်ဘုန်းမြတ်သွင် (စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့ကတော့ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ အောင်လံတဝေဝေ ရွှေစစ်ကိုင်း၌ာနေသီချင်းနဲ့ ကပြဖျော်ဖြေပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ဆောင်အနေနဲ့ အခုလို စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဆင်နွှဲခွင့်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ဆုံးရက်ဖြစ်တဲ့အတွက် ဒီနေ့မှာ ဗျောအကအပြင် အရင်ရက်တွေက ကပြဖျော်ဖြေခဲ့တာတွေနဲ့မတူတဲ့ ကွဲပြားခြားနားတဲ့ အကတွေနဲ့ ကပြဖျော်ဖြေတင်ဆက်သွားမှာပါ။ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတင်မကဘဲ ရတုအဆက်ဆက်ပါဝင်ဆင်နွှဲခွင့် ရချင်ပါတယ်။ ဒေသအသီးသီးက တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ ဆုံဖို့ဆိုတာ မလွယ်ပါဘူး။ အခုလို တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက်ဝမ်းသာပါတယ်။ ကိုယ့်လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတွေကို ဖော်ဆောင်ခွင့်ရတဲ့အတွက်လည်း ပီတိဖြစ်မိပါတယ်။ ပြည်ထောင်စုဆိုတာ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းမေတ္တာတွေနဲ့ ခွဲခြားဆက်ဆံတာတွေမရှိဘဲ စုပေါင်းနေထိုင်နိုင်တာကို ပြည်ထောင်စုစိတ်ဓာတ်လို့ ခံယူထားပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကို ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**မဥမ္မာမင်းခိုင် ( နေပြည်တော်လက်ဆောင်ပစ္စည်းဆိုင်)**

ကျွန်မတို့ နေပြည်တော်လက်ဆောင်ပစ္စည်းဆိုင်မှာ နေပြည်တော်ဒေသထွက်တင် ရောင်းတာမဟုတ်ဘဲ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဒေသထွက်ကုန်တွေလည်းပါ ပါတယ်။ အခုရောင်းချပေးနေတဲ့ လက်ဆောင်ပစ္စည်းတွေကတော့ ပဲယို၊ ကတွတ်ယို၊ ပဲချောင်း၊ မြေပဲကြက်ဥ၊ မြေပဲစာဥ၊ မျှစ်ချဉ်၊ ဖရုံယို၊ ချင်းမန်ကျည်းဖလိပ်၊ ယို ကိုးမျိုး၊ ဝေဖာချောင်း၊ မုန့်ဩဇာ၊ ပုန်းရည်ကြီး၊ ကျောက်ဖရုံယို၊ မန်ကျည်းဖလိပ်၊ မုန့်ကြိုးလိမ်တို့ကို ရောင်းချပေးပါတယ်။ ရောင်းအားအကောင်းဆုံးကတော့ ယို ကိုးမျိုးပါ။ ဒီနေ့က ပွဲတော်နောက်ဆုံးရက်ဆိုတော့ လာရောက် ကြည့်ရှုတဲ့လူကလည်း များတော့ ယို ကိုးမျိုးက ရောင်းရတာကုန်သလောက်ဖြစ်နေပြီ။ မနေ့က နံနက်ပိုင်းပဲ ရောင်းအားနည်းပြီး သုံးရက်အတွင်းမှာ ညနေပိုင်းတွေကတော့ အများဆုံးရောင်းရပါတယ်။ အစက ဒီလောက်ရောင်းရမယ်လို့ မမျှော်မှန်းထားဘူး။ အခုထိ ၁၅ သိန်းဖိုးလောက် ရောင်းရတယ်။ အခုလို တော်တော်များများလာရောက် အားပေးကြတဲ့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ပြည်သူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးဆန်းဝင်း (ဒုတိယဆုရ ရှမ်းပြည်နယ်ဂုဏ်ပြုယာဉ်)**

ကျွန်တော်တို့ ဂုဏ်ပြုယာဉ်အမှတ်(၁)မှာ ယာဉ်ရဲ့အရှေ့ပိုင်းမှာတော့ ရှမ်းပြည်နယ်မြေပုံကို ဖော်ပြထားပါတယ်။ နောက်ပိုင်းမှာတော့ ပြည်ထောင်စုစိတ်ဓာတ်သန္ဓေတည် မွေးဖွားရာ ပင်လုံကျောက်စာတိုင်ကို ဖော်ပြထားပါတယ်။ နောက်ပြီး ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်မှာရှိတဲ့ ဟိုက်ပါရေတံခွန်ကို သရုပ်ဖော်ပြထားပါတယ်။ ဂုဏ်ပြုယာဉ်အမှတ် (၂) မှာတော့ ရှမ်းပြည်နယ်က ထွက်ရှိတဲ့ သီးနှံတွေကို ဖော်ပြထားပြီး ပြည်နယ်ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ကွန်တိုလက်ဖက်စိုက်ခင်းကို သရုပ်ဖော်ပြသထားပါတယ်။ ဘေးဘက်မှာတော့ အာလူးခင်း၊ လက်ဖက်ခင်းတို့ကို ဗီနိုင်းနဲ့ သရုပ်ဖော်ပြသထားပါတယ်။ ဂုဏ်ပြုယာဉ် အမှတ်(၃) မှာတော့ ရှမ်းပြည်နယ်နဲ့ ရိုးရာအမွေအနှစ်တွေကိုဖော်ပြထားပါတယ်။ ရှေ့ပိုင်းမှာ ရှမ်းပြည်နယ်ရဲ့ သင်္ကေတဖြစ်တဲ့ ကိန္နရီ၊ ကိန္နရာရုပ်ကို သရုပ်ဖော်ပြသထားပြီး နောက်ပိုင်းမှာတော့ အင်းရိုးရာ ဆွမ်းပို့တဲ့လှေနဲ့ ငါးဖမ်းလှေကို ပြသထားပါတယ်။ အလယ်မှာတော့ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ကိုယ်စားပြုပြီး မီးပုံးပျံကို ဖော်ပြထားပါတယ်။ နောက်ပိုင်းမှာတော့ တောင်ကြီးမြို့ရဲ့ အထင်ကရဖြစ်တဲ့ တောင်ချွန်းကို ဖော်ပြထားပါတယ်။ ရှမ်းပြည်နယ်ကိုယ်စားပြုဂုဏ်ပြုယာဉ်အနေနဲ့ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်တွေနဲ့အတူ နောင်အင်းလေးသီချင်းနဲ့ ပါဝင်ဆင်နွှဲခဲ့ပြီး ဒုတိယဆုကို ရရှိခဲ့ပါတယ်။ ဒုတိယဆုရရှိတဲ့အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်အတွက် ဂုဏ်ယူပါတယ်။

**ဒေါ်မြင့်အေး (နန်းဩကျေးရွာ၊ ဇေယျာသီရိမြို့နယ်)**

မနက်က ဥပုသ်စောင့်ပြီး ဂုဏ်ပြုယာဉ်တွေကို ခင်းကျင်းပြသတာ နောက်ဆုံးရက်လို့ သိရတဲ့အတွက် အန်တီတို့အဖွဲ့ ၁၄ ယောက် လာရောက်ကြည့်ကြတာပါ။ အန်တီတို့က အသက်လည်းကြီးပြီဆိုတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့တွေကို သွားရောက်လည်ပတ်ဖို့က မလွယ်တော့ အခုလို မြင်တွေ့ခွင့်ရတာ ဝမ်းသာတယ်။ အသက် ၅၅ နှစ်အတွင်းမှာ ဒီလိုယာဉ်တွေကို ပထမဆုံး မြင်ဖူးတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ကိုယ်မတွေ့ဖူး၊ မမြင်ဖူးတဲ့ အထင်ကရနေရာတွေ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို တစ်နေရာတည်းမှာ မြင်တွေ့ခွင့်ရလို့ ဗဟုသုတတွေလည်း ရပါတယ်။

**ဦးစိုးအောင် (တတိယဆုရ ရောဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်)**

စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားမှာ ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်အနေနဲ့ မမပုသိမ်သူ သီချင်းနဲ့ ကပြဖျော်ဖြေခဲ့ပါတယ်။ ဂုဏ်ပြုယာဉ်တွေကို ကွင်းကြီးထဲမှာ နေ့မနား ညမအား နေပူခံ ၊ အအေးခံပြီး တည်ဆောက်ရေးလုပ်ငန်း၊ တပ်ဆင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရပေမယ့် တတိယဆုရရှိတဲ့အတွက် အဲဒီအမောတွေအားလုံး ပြေရပါတယ်။ ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်သုံးစီးထဲကမှ အမှတ်(၁) ယာဉ်ကတော့ အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ ရှေးဟောင်းသမိုင်းဝင် မော်တင်စွန်းဘုရားကို ဒေသရဲ့အထိမ်းအမှတ်အဖြစ် ဖော်ပြထားပါတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေတဲ့ ငွေဆောင်၊ ချောင်းသာ၊ ကမ်းသာယာ၊ ဂေါ်ရင်ဂျီကျွန်းတို့ရဲ့ ကမ်းခြေအလှ တို့ကို ဖော်ဆောင်ပြသထားပါတယ်။ အမှတ်(၂) ယာဉ်မှာဆိုရင် စပါးရိတ်သိမ်းနေတဲ့ တောင်သူကြီးလင်မယားပုံနဲ့ နောက်မှာတော့ ခေတ်မီတဲ့ ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုပြီး ထွက်လာတဲ့ စပါးတွေကို ခေတ်မီဆန်စက်ကြီးတွေနဲ့ ထုတ်လုပ်ကာ နိုင်ငံခြား တင်ပို့တဲ့ ဆန်တွေအဖြစ် အထူးပြု သရုပ်ဖော်ပြသထားပါတယ်။ အမှတ်(၃)ယာဉ်မှာ ရောဝတီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ရှေးနှစ်ပေါင်း များစွာက အထင်ကရဖြစ်တဲ့ ပုသိမ်ထီး၊ ပုသိမ်ဟာလဝါတို့ကို ဖော်ပြထားပါတယ်။ ထွက်ကုန်တွေအပေါ်မှုတည် ပြီးတော့ ယိမ်းအကနဲ့အတူ ပုသိမ်ထီး အကြီးတွေ၊ အသေးတွေနဲ့ ပုသိမ်ဟာလဝါတွေ၊ တိုင်းဒေသကြီးရဲ့ ထွက်ကုန်ပစ္စည်းတွေကို သရုပ်ဖော်ပြသထားပါတယ်။

**တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်**

**ဓာတ်ပုံ- ကိုထိန်အေး**

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်သီးသန့်ခွဲခြားနေထိုင်သော ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့လူနာများ (Home Isolation) နှင့် မိဘပြည်သူများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက် ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်မည့်(Teleconsultation Program) အတွက် အထူးကုဆရာဝန်နှင့်ဆေးပညာရှင်များပါရှိသည့် Teleconsultation Team များကို ခရိုင်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါပညာရှင်အဖွဲ့များ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

တောင်ပိုင်းခရိုင် ကိုဗစ်–၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့် ပညာရှင်အဖွဲ့ (Teleconsultation Team) သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅ ၃၆၀၆
၀၉ ၈၈ ၂၅၅ ၃၆၀၅

မြောက်ပိုင်းခရိုင် ကိုဗစ်–၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈၂၅၅၄၀ ၀၈
၀၉ ၈၈၂၅၅၄၀ ၀၉

အနောက်ပိုင်းခရိုင် ကိုဗစ်–၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့ (Teleconsultation Team)သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈၂၅၅၄၀ ၁၀
၀၉ ၈၈၂၅၅၄၀ ၁၁

အရှေ့ပိုင်းခရိုင် ကိုဗစ်–၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့် ပညာရှင်အဖွဲ့ (Teleconsultation Team) သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈၂၅၅၄၀ ၀၅
၀၉ ၈၈၂၅၅၄၀ ၀၆

ကျန်းမာရေးဝန်ကြီးဌာန

# ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄၆၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၁၄ ဦးရှိ

(၁၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀,၇၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၄၆၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၄၄,၄၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၅၀,၈၂၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၈,၈၈၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၈၉) ခု | (၁၈၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁) ခု | (၂၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၈) ခု | (၃၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၀) ခု | (၁၅၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၂၄) ခု | (၂၄၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၄၅) ခု | (၄၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၉၁၃) ခု | (၁,၃၉၈) ဦး |
| စုစုပေါင်း | (၃၀,၇၇၀) ခု | (၂,၄၆၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့် ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# မီဒီယာအဆိပ်သင့်တဲ့ပြည်

*ပြည်ထောင်စုသားတစ်ဦး*

**မဟုတ်မမှန်လုပ်ကြံသတင်းတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဝါဒဖြန့်ချိမှုတွေနဲ့ မီဒီယာအဆိပ်သင့်မှု အများဆုံးခံနေရတဲ့ တိုင်းပြည်ကို ပြပါဆိုရင် အရှေ့တောင်အာရှက မြန်မာပြည်ကို ညွှန်ပြရမလိုပါပဲ။ အခြားနိုင်ငံတွေလည်း မီဒီယာအဆိပ်သင့်မှု အနည်းနဲ့အများတော့ ခံနေရတာပါပဲ။**




❖ နိုင်ငံ့အရေးအတွက် ပူပန်မှုရှိတဲ့ "ဆရာဝန် တစ်ဦး"ဆိုတဲ့ ကလောင်ရှင်တစ်ဦးက "မီးဟုန်းဟုန်းတောက်တော့မည့် မြန်မာပြည်"ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်ရှိအခြေအနေအပေါ် စဉ်းစားဆင်ခြင်နိုင်ဖို့ ဆောင်းပါးတစ်ပုဒ်ရေးသားပြီး သူ့ဆောင်းပါးကို သတင်းစာတိုက်တွေက အသုံးပြုဖော်ပြပေးဖို့ ကြိုးစားခဲ့ပေမယ့် ဘယ်အယ်ဒီတာကမှ လက်မခံခဲ့ကြပါဘူး။ သို့မို့ကြောင့် ထိုဆောင်းပါးရှင်ဟာ သူ့စရိတ်နဲ့သူ အစောင်သုံးလေးရာခန့်ကို ဖြစ်တဲ့နည်းနဲ့ ထုတ်ဝေဖြန့်ချိခဲ့ရပါတယ်။ အရေးအခင်းနောက်ပိုင်းမှာ သူသတိပေးရေးသားခဲ့သလိုပါပဲ မြန်မာပြည်ဟာ ဆူပူအကြမ်းဖက်မှုတွေ၊ လုယက်မှုတွေ၊ ခေါင်းဖြတ်သတ်ဖြတ်မှုတွေနဲ့ မီးဟုန်းဟုန်း တောက်လောင်ခဲ့ရပါတယ်

ကျွန်တော်တို့နိုင်ငံမှာ တိတိကျကျဆိုရရင်တော့ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ BBC ၊ VOA၊ All India ရေဒီယိုအသံလွှင့်ဌာနတို့က မြန်မာပြည်ကို မီဒီယာ အဆိပ်ခတ်ခဲ့ရာကစပြီး အဆိပ်သင့်ခဲ့ရတာ ယခုဆို နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပြီလို့ ဆိုရမှာပါ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်မှာ နှစ်ပေါင်းများစွာ ရိုးအီနေတဲ့ သတင်းတင်ဆက်မှုတွေ၊ စိုးရိမ်လွန်ကဲမှုကြောင့် အရေးမပါတဲ့ သတင်းကအစ သတင်းအမှောင်ချခဲ့မှုတွေ၊ တုံ့ပြန်ချက်ဖင့်နွှဲ့နှောင့်နှေးမှုတွေ၊ ဗဟိုဦးစီးစနစ်ချုပ်ကိုင်မှုကြောင့် သတင်းစီးဆင်းမှု လေးလံနှေးကွေးမှုတွေကြောင့် နိုးကြားတက်ကြွတဲ့ ပြည်သူအများစုဟာ ပြည်ပအသံလွှင့်ဌာနတွေကိုပဲ အားကိုးလာခဲ့ကြတယ်။ ရိုးသားတဲ့မြန်မာပြည်သူ အများစုဟာလည်း ပြည်ပသတင်းဌာနတွေရဲ့ ထုတ်လွှင့်ချက်မှန်သမျှဟာ အမှန်ပဲလို့ တစ်ထစ်ချပုံသေကားချပ် ယုံကြည်ယူဆခဲ့ကြပါတယ်။

သို့မို့ကြောင့် ပြည်ပသတင်းဌာနအချို့ရဲ့ အမှန်ထက်ဝက်၊ မမှန်ထက်ဝက်၊ ဖုံးတစ်ဝက်၊ ဖော်တစ်ဝက်ဆိုတဲ့ "Card Stacking" ဆိုတဲ့ ပဉ္စလက်သတင်းဖော်ပြနည်းတွေ၊ နှုတ်ကြောင်းပေးသွေးထိုးလှုံ့ဆော်မှုတွေ၊ "Name Calling"ဆိုတဲ့ တည်ဆဲအစိုးရတစ်ရပ်အပေါ် အများပြည်သူက အမုန်းကြီးမုန်း၊ အကြောက်ကြီးကြောက်ပြီး ရွံ့ကြောက်ကြီးဖြစ်လာစေရန် ပြစ်တင်ရှုတ်ချ အပုပ်ချနည်းတွေစတဲ့ နည်းလမ်းပေါင်းစုံကို မြန်မာပြည်သူ အများစုဟာ သတိမမူနိုင်ခဲ့ကြဘူး။

မီဒီယာကျင့်ဝတ်နဲ့မညီတဲ့ မီဒီယာအချို့ရဲ့ အဆိပ်ခတ်မှုတွေဟာ တဖြည်းဖြည်းစုပြုံ များပြားလာတာနဲ့အမျှ ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း အစိုးရရဲ့ အစွမ်းကုန်လိုက်လျောပေးမှုတွေဟာလည်း ရေပေါ်အရုပ်ရေးသလို အရာမထင်ဖြစ်ခဲ့ရတယ်။

## ကလောင်ပေါင်းစုံနဲ့ဝိုင်းပြီးထိုးဆွ

မြွေပူရာကင်းမှောက်၊ ဘူးလေးရာဖရုံဆင့်ဆိုသလို အရေးအခင်းကာလမှာ ခါတော်မီ သတင်းစာတွေ၊သတင်းလွှာတွေကလည်း ပလူပျံအောင်ထွက်ရှိလာခဲ့ပြီး အများစုက အင်အားချည့်နဲ့ပြီး မလှုပ်နိုင်တော့တဲ့ မဆလအစိုးရကို အညှာအတာကင်းမဲ့စွာ ကလောင်ပေါင်းစုံနဲ့ တစ်ဖက်သတ် ဝိုင်းပြီးထိုးဆွခဲ့ကြပြန်ပါတယ်။

**နိုင်ငံ့အရေးအတွက် ပူပန်မှုရှိတဲ့ "ဆရာဝန် တစ်ဦး"ဆိုတဲ့ ကလောင်ရှင်တစ်ဦးက "မီးဟုန်းဟုန်းတောက်တော့မည့် မြန်မာပြည်" ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်ရှိအခြေအနေအပေါ် စဉ်းစားဆင်ခြင်နိုင်ဖို့ ဆောင်းပါးတစ်ပုဒ် ရေးသားပြီး သူ့ဆောင်းပါးကို သတင်းစာတိုက်တွေက အသုံးပြုဖော်ပြပေးဖို့ ကြိုးစားခဲ့ပေမယ့် ဘယ်အယ်ဒီတာကမှ လက်မခံခဲ့ကြပါဘူး။ သို့မို့ကြောင့် ထိုဆောင်းပါးရှင်ဟာ သူ့စရိတ်နဲ့သူ အစောင်သုံးလေးရာခန့်ကို ဖြစ်တဲ့နည်းနဲ့ ထုတ်ဝေဖြန့်ချိခဲ့ရပါတယ်။ အရေးအခင်းနောက်ပိုင်းမှာ သူသတိပေး ရေးသားခဲ့သလိုပါပဲ။ မြန်မာပြည်ဟာ ဆူပူအကြမ်းဖက်မှုတွေ၊ လုယက်မှုတွေ၊ ခေါင်းဖြတ်သတ်ဖြတ်မှုတွေနဲ့ မီးဟုန်းဟုန်းတောက်လောင်ခဲ့ရပါတယ်။**

၁၉၈၈ အရေးအခင်းနောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ ပြည်ပ သတင်းမီဒီယာများရဲ့ မီဒီယာအဆိပ်ခတ်မှုတွေကို တုံ့ပြန်ချေဖျက်တဲ့အနေနဲ့ "မီဒီယာကို မီဒီယာနဲ့တိုက်"ဆိုပြီး တုံ့ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ပအသံလွှင့်ဌာနအချို့ရဲ့ မဟုတ်မမှန် လုပ်ကြံသတင်းတွေအပေါ်ကိုလည်း တုံ့ဆိုင်းတွေဝေမှုမရှိဘဲ နိုင်ငံပိုင်မီဒီယာကတစ်ဆင့် သတင်းစာရှင်းလင်းပွဲတွေ၊ ပညာပေးရေးသားမှုတွေနဲ့ ချက်ချင်းလက်ငင်း တုံ့ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းမျက်နှာစာမှာလည်း စာပေစိစစ်ရေးနဲ့ မှတ်ပုံတင်ဌာနကို ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာထားရှိပြီး ပုံနှိပ်မီဒီယာကို တင်းကျပ်စွာ ထိန်းချုပ်ထားခဲ့တယ်။ သို့ပေမယ့် ပြည်ပမီဒီယာများရဲ့ ထိုးဖောက်မှုကို အလုံးစုံလွှမ်းခြုံမကာကွယ်နိုင်ခဲ့ပါဘူး။

## မီဒီယာလွတ်လပ်ခွင့်ဆောင်ရွက်ပေး

သမ္မတဦးသိန်းစိန် အစိုးရခေတ် ၂၀၁၀-၂၀၁၅ မှာတော့ မြန်မာ့မီဒီယာ တစ်ခေတ်ပြန်လည်ဆန်းသစ်လာခဲ့ပါတယ်။ သမ္မတဦးသိန်းစိန်ဟာ ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မီဒီယာပြုပြင်ပြောင်းလဲရေးနဲ့ မီဒီယာလွတ်လပ်ခွင့်ကိုပါ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကနဦးမှာ စာပေစိစစ်ရေးလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့ပြီးနောက်ပိုင်းမှာ ဖျက်သိမ်းခဲ့တဲ့အထိ ဆောင်ရွက်ပေးခဲ့သလို နှစ်ပေါင်းများစွာ ပိတ်ပင်ခံခဲ့ရတဲ့ ပုဂ္ဂလိက သတင်းစာတွေကိုလည်း ပြန်လည်ထုတ်ဝေခွင့်ပြုပေးခဲ့ပါတယ်။

သမ္မတဦးသိန်းစိန်အစိုးရခေတ် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အကဲဖြတ်ကြည့်ရင် တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနိုင်ငံတို့ထက်သာလွန်တဲ့ အနေအထားတစ်ခုရောက်အောင် ကာလတိုအတွင်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့မြင်ရပါလိမ့်မယ်။

တစ်ဖက်မှာလည်း ပြည်သူသန်းပေါင်းများစွာကို မိုဘိုင်းလ်ဖုန်းများ ကိုင်ဆောင်သုံးစွဲခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လူမှုကွန်ရက်စာမျက်နှာပေါ်မှာ လူတိုင်းလွတ်လပ်စွာ ရေးသားဖော်ပြခွင့်တွေ ရရှိလာခဲ့ကြတယ်။

သို့ပေမယ့် မြန်မာ့မီဒီယာ လောကအတွင်းမှာ အခွင့်အရေးနဲ့တာဝန်ခံမှု၊ တာဝန်ယူမှု ချိန်ဆကျင့်သုံးမှုအပိုင်းမှာ အားနည်းခဲ့ပါတယ်။ သတင်းမီဒီယာသမားအချို့ဟာ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အသုံးချပြီး ပုဂ္ဂိုလ်ရေး ထိုးနှက်တိုက်ခိုက်မှု၊ ဘက်လိုက်မှုတွေကို လုပ်ဆောင်ခဲ့ကြသလို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွန်းရောက်နေသူများကလည်း ကျင့်ဝတ်၊ သိက္ခာပိုင်းကိုနားမလည်ဘဲ ဖေ့စ်ဘွတ်လူမှုကွန်ရက် စာမျက်နှာပေါ်ကတစ်ဆင့် သမ္မတဦးသိန်းစိန်နဲ့အစိုးရအဖွဲ့ကို ပုဂ္ဂိုလ်ရေးထိုးနှက်ချက်တွေ၊ ရိုင်းစိုင်းစော်ကားစွာ ရေးသားမှုတွေ၊ တစ်ဖက်သတ်ဝါဒဖြန့်ချိမှုတွေနဲ့ ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်ခဲ့ကြပြန်ပါတယ်။

တကယ်တော့ ဦးသိန်းစိန်အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အချို့ဟာ အမျိုးသားနိုင်ငံရေးမှာတော့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ပါသော်လည်း ပါတီနိုင်ငံရေးမှာတော့ ကိုယ့်တုတ်နဲ့ကိုယ် ပြန်အရိုက်ခံခဲ့ရရှာတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။

NLD အစိုးရလက်ထက်မှာတော့ ပြည်တွင်းသတင်းမီဒီယာအများစုဟာ ဦးသိန်းစိန် အစိုးရလက်ထက်ကလို လက်စောင်းသိပ်မထက်ကြတော့ပါဘူး။ "ပြည်သူ့ အစိုးရ" ဆိုတဲ့ နာမဝိသေသနအောက်က ရုန်းထွက်ဖို့ ခက်ခဲနေကြပုံရပါတယ်။ သို့ကြောင့်မို့ သူတို့ရဲ့ပစ်ကွင်းဟာ တပ်မတော်ဘက်ကို ဦးတည်လာခဲ့ပါတယ်။ ယခင်က အတိတ်ဇာတ်ကြောင်း တချို့ကို ဇာတ်ကြောင်းပြန်လှန်ဖော်ပြပြီး လက်ရှိတပ်မတော်အဖွဲ့အစည်းကို ထိုးနှက်တိုက်ခိုက်လာကြပြန်ပါတယ်။

NLD အစိုးရဟာ ပြည်တွင်းသတင်းမီဒီယာအချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှုအချို့ကို ပြင်းပြင်းထန်ထန် တုံ့ပြန်အရေးယူမှုလုပ်ပြခဲ့သလို လူမှုကွန်ရက်စာမျက်နှာထက်က ထိုးနှက်မှုတွေကို တားဆီးနိုင်ဖို့ ဘီလီယံပေါင်းများစွာ အကုန်အကျခံပြီး ပိတ်ဆို့ကာကွယ် တားဆီးမှုတွေကိုလည်း ဆောင်ရွက်ခဲ့ပါသေးတယ်။

## လူ့အခွင့်အရေးကိစ္စထိုးနှက်

သို့ပေမယ့် ပြည်ပမီဒီယာတွေရဲ့အဆိပ်ခတ်မှုနဲ့ ထိုးနှက်မှုတွေကိုတော့ မတားဆီးနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စနဲ့ပတ်သက်ပြီး အများဆုံးထိုးနှက် တိုက်ခိုက်ခံခဲ့ရပြန်ပါတယ်။ လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်ပြီး ထိုးနှက်တိုက်ခိုက်ခံရမှုဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပြယုဂ်အဖြစ် အများကထင်မှတ်ယူဆထားခဲ့တဲ့ NLD အစိုးရအဖို့ ခံရခက်စရာ ဒဏ်ရာဒဏ်ချက်တစ်ခုလို့ဆိုရမှာပါပဲ။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရခေတ်မှာတော့ ပြည်တွင်း ပြည်ပမီဒီယာအချို့သာမက လူမှုကွန်ရက်စာမျက်နှာထက်က မီဒီယာအဆိပ်ခတ်မှုတွေဟာ ပိုမိုပြင်းထန်လာခဲ့ပါတယ်။

မဟုတ်မမှန်လုပ်ကြံသတင်းတွေ၊ တစ်ဖက်သတ်ဖော်ပြထားတဲ့ သတင်းတွေ၊ အမှန်ထက်ဝက်၊ မမှန်ထက်ဝက်၊ ဖုံးထက်ဝက်၊ ဖော်ထက်ဝက် စတဲ့ ပုံဖျက်သတင်းတွေ၊ ဝါဒဖြန့်ချိမှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေဟာ တစ်နေ့တစ်နေ့မရိုးနိုင်အောင် အရှိန်အဟုန် မြင့်တက်လာခဲ့ကြောင်းပါ။

အထူးသဖြင့် ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာပေါ်ကတစ်ဆင့် အကြမ်းဖက် အဖွဲ့အစည်းများနဲ့ အစွန်းရောက်သူများရဲ့ ဝါဒဖြန့်ချိမှုများဟာ ရိုးသားတဲ့ ပြည်သူအများစုနဲ့ ဘဝအတွေ့အကြုံနုနယ်သေးတဲ့ လူငယ်အချို့ကို လမ်းမှားတွန်းပို့နေသလိုဖြစ်နေခဲ့ပါတယ်။

**လူမှုကွန်ရက်စာမျက်နှာထက်မှာ သူတို့အများဆုံးအသုံးပြုနေတဲ့ ဝါဒဖြန့်ချိရေး နည်းလမ်းတစ်ခုကတော့ "Bandwagon"ဆိုတဲ့ ဘေးတီးပေးတဲ့နည်းပါပဲ။ သဘောကတော့ "လူတိုင်းလိုက်လုပ်နေကြပြီ"ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်အောင်ဖြန့်ချိပေးတဲ့ နည်းလမ်းဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့စိတ်ထဲမှာ သူတကာတွေတောင်လုပ်နေကြပြီ၊ ငါလည်းလုပ်မှပဲဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်ပေါ်လာအောင် ဘေးတီးပေးခြင်းပဲဖြစ်ပါတယ်။ သံပုံးတီးကြတဲ့ဖြစ်စဉ်တွေ၊ "Silent Strike"ဆိုတဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းသပိတ်ဖြစ်စဉ်တွေဟာ ဘေးတီးပေးတဲ့ ဝါဒဖြန့်ချိမှုရဲ့ အကျိုးဆက်တွေသာဖြစ်ကြောင်းပါ။**

နောက်ထပ် ဝါဒဖြန့်ချိမှုနည်းလမ်းတစ်သွယ်ကတော့ "Transfer"ဆိုတဲ့ တံဆိပ်အငှားသုံးနည်းတစ်ရပ်ပါပဲ။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အများပြည်သူ ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကို ရှေ့တန်းတင် အသုံးချပြီး ထိုပုဂ္ဂိုလ်၊ ထိုအဖွဲ့အစည်းကပဲ မိမိတို့အား ထောက်ခံအားပေးနေပြီဆိုတဲ့ သဘောသက်ရောက်အောင် ကြော်ငြာတဲ့ ဝါဒဖြန့်ချိရေးနည်းလမ်းပဲ ဖြစ်ပါတယ်။ အချို့စာရေးဆရာ၊ သတင်းစာဆရာနဲ့ အနုပညာရှင်များဟာ အများပြည်သူရဲ့ စိတ်အာရုံကို အဆွဲဆောင်နိုင်ဆုံး ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် ဝါဒဖြန့်ချိသူတွေဟာ မြန်မာပြည်မှာ ဖြစ်ခဲ့သမျှ အရေးအခင်းတိုင်းလိုလိုမှာ သူတို့တစ်တွေကို ကိုယ့်ဘက်ပါအောင် စည်းရုံးဆွဲဆောင်ပြီး ကြော်ငြာတံဆိပ်ကပ်လေ့ရှိပါတယ်။

တကယ်တော့ အဆိပ်ဆိုတာ သက်ရှိသတ္တဝါတွေရဲ့ အရေးကြီး အင်္ဂါအစိတ်အပိုင်းတွေကို ဖျက်ဆီးတတ်သလို မီဒီယာအဆိပ်အတောက်ဟာလည်း တိုင်းပြည်တစ်ပြည်ရဲ့ အသက်သွေးကြောတစ်ခုဖြစ်တဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးကို ဖြိုခွဲဖျက်ဆီးစေနိုင်ပါတယ်။ အဆိပ်မိနေတဲ့ သက်ရှိသတ္တဝါများဟာ မလှုပ်နိုင်၊ မရှားနိုင်၊ အားနည်းချည့်နဲ့ပြီး နောက်ဆုံးလုံးပါးပါးသေဆုံးရတတ်သလို မီဒီယာအဆိပ်သင့်နေတဲ့ တိုင်းပြည်တစ်ပြည်ဟာလည်း အမျိုးသားရေးအားမာန်တွေ၊ စည်းလုံးညီညွတ်မှုတွေ တဖြည်းဖြည်း လုံးပါးပါးချည့်နဲ့လာပြီး အဆုံးတစ်နေ့မှာ ကျရှုံးနိုင်ငံအဖြစ် ဆိုက်ရောက်သွားတတ်ပါတယ်။

❖ **လူမှုကွန်ရက်စာမျက်နှာထက်မှာ သူတို့အများဆုံးအသုံးပြုနေတဲ့ ဝါဒဖြန့်ချိရေးနည်းလမ်းတစ်ခုကတော့ “Bandwagon” ဆိုတဲ့ ဘေးတီးပေးတဲ့နည်းပါပဲ။ သဘောကတော့ “လူတိုင်းလိုက်လုပ်နေကြပြီ”ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်အောင်ဖြန့်ချိပေးတဲ့ နည်းလမ်းဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ စိတ်ထဲမှာ သူတကာတွေတောင်လုပ်နေကြပြီ၊ ငါလည်းလုပ်မှပဲဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်ပေါ်လာအောင် ဘေးတီးပေးခြင်းပဲဖြစ်ပါတယ်။ သံပုံးတီးကြတဲ့ဖြစ်စဉ်တွေ၊ “Silent Strike”ဆိုတဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းသပိတ်ဖြစ်စဉ်တွေဟာ ဘေးတီးပေးတဲ့ ဝါဒဖြန့်ချိမှုရဲ့ အကျိုးဆက်တွေသာ ဖြစ်ကြောင်းပါ**

မြန်မာပြည်သူတွေ အသိတရား၊ သတိတရားကို လက်ကိုင်ထားပြီး မျက်စိကိုဖွင့် နားကိုစွင့်ထားကြဖို့ လိုပါပြီ။ မီဒီယာအဆိပ်သင့်မှုကို ကာကွယ်တားဆီးနိုင်တဲ့ တစ်ခုတည်းသောအရာကတော့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဆိုတဲ့ အမျိုးသားရေး ကိုယ်ခံအားကောင်းမွန်ဖို့သာ လိုရင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။







ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် လူမှုမီဒီယာကို အသုံးချကာ သတင်းတုများ ဖြန့်ဝေထားမှုကို တွေ့ရစဉ်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာတို့ရဲ့ စေတနာကို ဖော်ပြနေတဲ့ သင်္ကေတတွေဖြစ်တဲ့အပြင် အစဉ်အလာ ယဉ်ကျေးမှုတွေ မပပျောက်စေဖို့နဲ့ ကောင်းမှုကုသိုလ် ရရှိစေဖို့ ရည်ရွယ်ပြီး မီးဖုန်းပွဲ၊ ယာဂုထမနဲအလှူပွဲများကို တပို့တွဲလရောက်တိုင်း နိုင်ငံတစ်ဝန်းမှာ နှစ်စဉ် ကျင်းပကြခြင်းဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ယခုအစဉ်အလာကို ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းသွားကြရန်နှင့် ယနေ့အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသော အရာထမ်း၊ အမှုထမ်းများ၊ တာဝန်ရှိသူများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ထမနဲထိုးပြိုင်ပွဲ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများမှ တက်ကြွပျော်ရွှင်စွာ ယှဉ်ပြိုင်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများကအားပေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပထမဆုရရှိသည့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယဆုရရှိသည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တတိယဆုရရှိသည့် ဝန်ကြီးရုံးနှင့် နှစ်သိမ့်ဆုရရှိသည့် လူမှုဝန်ထမ်းဦးစီးဌာန တို့အား ဆုများ ချီးမြှင့်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## နောင်တရားဒေသ၌ ရေသွင်းအာလူး စိုက်ပျိုးမှုလျော့ကျ

**နောင်တရား ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသ၌ ရေသွင်းအာလူးစိုက်ပျိုးမှု ထက်ဝက်ကျော် လျော့ကျသွားကြောင်း အာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။



“ဒီနှစ် နွေရာသီမှာစိုက်တဲ့ ရေသွင်း အာလူးစိုက်ပျိုးတဲ့ တောင်သူတွေ အများကြီးလျော့ကျသွားပါတယ်။ ကျွန်တော်က အရင်နှစ်ကဆို အချိန် ၃၀၀၀ လောက် စိုက်ပါတယ်။ ဒီနှစ်တော့ အချိန် ၁၀၀၀ လောက်ပဲ စိုက်နိုင်တယ်။ မြေဩဇာဈေး၊ ဒီဇယ်ဈေးတွေ တက်မယ်လို့ ခန့်မှန်းထားကြလို့ပါ။ ပြီးတော့ အာလူးရောင်းချိန်ဆိုရင် မိုးကြိုအာလူးကို တစ်ပိဿာ ငွေကျပ် ၂၀၀၀ ဝန်းကျင်ရမှာ မဟုတ်ဘူးလို့ အများစုက ခန့်မှန်းကြလို့ပါ။ မျိုးအာလူးက ဈေးကြီးပြီး ရှားတာလည်း ပါတာပေါ့” ဟု သာယာအုန်းကျေးရွာမှ အာလူးစိုက် တောင်သူတစ်ဦးက ပြောသည်။

မျိုးအာလူးကို ယခင်နှစ်က တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ခန့်ဖြင့်သာ ဝယ်ယူရရှိနိုင်ခဲ့သော်လည်း ယခုနှစ် စိုက်ပျိုးချိန်တွင် မျိုးအာလူး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရေသွင်းအာလူးကို ချောင်းရေ၊ မြေအောက်ရေဖြင့် စိုက်ပျိုးကြပြီး နောင်တရားဒေသမှ ထွက်ရှိသည့် အာလူးများကို အောင်ပန်း ကုန်စည်ဒိုင်နှင့် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တင်ပို့ရောင်းချလျက်ရှိကာ ယခုနှစ်အတွင်း နောင်တရားဒေသ၌ အာလူးစိုက်တောင်သူများ ထက်ဝက်ကျော် လျော့ကျသွားကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

**ရက်စွဲ- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်**

**ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) များမှ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များ ဖြေကြားပေးလျက်ရှိပြီး ဓာတ်ခွဲစစ်ဆေးသည့်နေရာများနှင့် ချိတ်ဆက်ပေးလျက်ရှိပါသည်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိပြီး ဓာတ်ခွဲစစ်ဆေးသည့်နေရာများနှင့် ချိတ်ဆက်ပေးလျက်ရှိပါ၍ အောက်ဖော်ပြပါဇယားတွင်ပါရှိသည့် ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

**ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် ပိတ်ရက်မရှိစစ်ဆေးနိုင်ပါသည်**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)များ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ် နံနက် (၉)နာရီမှ ညနေ (၄) နာရီအထိ ပိတ်ရက်မရှိ COVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီများက ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန် ချိတ်ဆက်ကူညီပေးလျက်ရှိ**

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန် လိုအပ်သောလူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့်တိုက်ရိုက်ဆက်သွယ်၍ မေးမြန်းတိုင်ပင်နိုင်မည့် (Teleconsultation Program) ဆောင်ရွက်လျက်ရှိ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်သီးသန့်ခွဲခြားနေထိုင်သော ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ (Home Isolation)နှင့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်မည့် (Teleconsultation Program) အတွက် အထူးကုဆရာဝန်နှင့်ဆေးပညာရှင်များပါရှိသည့် Teleconsultation Team များကို ခရိုင်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ပါ၍ အဆိုပါပညာရှင်အဖွဲ့များ၏ အောက်ဖော်ပြပါ ဇယားတွင်ပါရှိသည့် ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာ ခရိုင်အလိုက် ဆက်သွယ်နိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ (၂၄) နာရီပိတ်ရက်မရှိ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

| ခရိုင်အမည် | ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ (ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရန်) | ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးနိုင်မည့်ပညာရှင်အဖွဲ့(Teleconsultation Team)သို့ (၂၄) နာရီဆက်သွယ်နိုင်သည့် ဖုန်း နံပါတ်များ (ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ရောဂါနှင့် ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက်ဆက်သွယ်၍ မေးမြန်းတိုင်ပင်ရန်) |
|---|---|---|
| တောင်ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၆၇ | ၀၉ ၈၈ ၂၅၅ ၃၆၀၅ |
| | ၀၉ ၈၈ ၂၅၅၅၀၆၈ | ၀၉ ၈၈ ၂၅၅ ၃၆၀၆ |
| | ၀၉ ၈၈ ၂၅၅၅၀၆၉ | |
| မြောက်ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၇၁ | ၀၉ ၈၈၂၅၅၄၀ ၀၈ |
| | ၀၉ ၈၈ ၂၅၅၆၃၃၈ | ၀၉ ၈၈၂၅၅၄၀ ၀၉ |
| | ၀၉ ၈၈ ၂၅၅၆၃၄၀ | |
| အနောက်ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၆၃ | ၀၉ ၈၈၂၅၅၄၀ ၁၀ |
| | ၀၉ ၈၈ ၂၅၅၅၀၆၄ | ၀၉ ၈၈၂၅၅၄၀ ၁၁ |
| | ၀၉ ၈၈ ၂၅၅၅၀၆၅ | |
| အရှေ့ပိုင်းခရိုင် | ၀၉ ၈၈ ၂၅၅၅၀၄၉ | ၀၉ ၈၈၂၅၅၄၀ ၀၅ |
| | ၀၉ ၈၈ ၂၅၅၅၀၆၁ | ၀၉ ၈၈၂၅၅၄၀ ၀၆ |
| | ၀၉ ၈၈ ၂၅၅၅၀၆၂ | |

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် အိန္ဒိယနိုင်ငံထုတ် ဆေးတစ်လုံးလျှင် ၁၀ ဦး ထိုးနှံနိုင်သည့် Covaxinနှင့် ဆေးတစ်လုံးလျှင် ၁၁ ဦးထိုးနှံနိုင်သည့် Covishield ဆေးများကို ယနေ့တွင် ပို့ဆောင်ပေးရာ ဘားအံမြို့သို့ Covaxin ဆေး ၈၀၀ ၊ မုံရွာမြို့သို့ Covaxin ဆေး ၁၄၅၄ လုံးနှင့် Covishield ဆေး ၁၀၇ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်တော်လွမ်းမိသော ငြိမ်းချမ်းရေးပုံရိပ်များ (ကယားပြည်နယ်)

မြင့်စိုး(နတလ)

**ကလလတအဖွဲ့နှင့် ငြိမ်းချမ်းရေး**

နောင်တော်ကြီး ကိုဇော်သက်နိုင်၊ စစ်တက္ကသိုလ်အမှတ်စဉ် (၂၁) ကျောင်းဆင်း၊ ကျွန်တော်တို့ထက် တစ်နှစ်စောသည်။ ကျောင်းတုန်းက ကြည့်မရခဲ့သော စီနီယာတွေထဲမှာ သူလည်းပါ၏။ လက်အပြည့် မလွှဲသော၊ ဟိုငေးသည်ငေးနှင့် လမ်းလျှောက်မိသော၊ ပထမနှစ် ဗိုလ်လောင်းများကို စိန်နားပန်ချုံကွယ်မှစောင့်ဖမ်း၍ အပြစ်ပေးတတ်သူ။ ဗိုလ်လောင်းဘဝတုန်းက ညီငယ်တွေကို စည်းကမ်းစနစ်အတိုင်းနေစေလို၍အပြစ်ပေးတတ်သော နောင်တော်ကြီး။ သူကွယ်လွန်ခဲ့တာ အတော်ပင်ကြာသွား ပါပကောလား။ ယခင်ကသူသည် တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး။ ထိုမှနတလသို့ ရောက်လာသည်။ ကျွန်တော်တို့နှင့် ပြန်၍ ရေစက်ဆုံသည်။ ယခင် ထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်ခဲ့စဉ်က ကယားပြည်နယ် အတွင်း ငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပုံများကို သူ့ထံမှ ပြန်ကြားရသည်။

ကယားပြည်နယ်အတွင်း ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)သည် တရားဥပဒေဘောင်အတွင်းသို့ ဒုတိယမြောက် ဝင်ရောက်လာသော အဖွဲ့ဖြစ်၏။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် တပ်မတော်မှ တာဝန်ရှိသူများနှင့် ကလလတအဖွဲ့တို့ မယ်စဲ့တွင် စတင်တွေ့ဆုံဆွေးနွေးရန် ညှိနှိုင်းသဘောတူညီခဲ့ကြသည်။ နှစ်ဖက် မြေပြင်တပ်များက မယ်စဲ့သို့ချီတက်ခဲ့ကြသည်။ တပ်မတော်မှ တာဝန်ရှိသူများ၊



- နေရာဒေသတည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့သည် တိုက်ရိုက်အချိုးကျနေ
- ကယားပြည်နယ်အတွင်း၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို လွိုင်ကော်မြို့နှင့် ဘောလခဲမြို့များတွင် လည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို လွိုင်ကော်တွင်လည်းကောင်း နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ပေးခဲ့

လွိုင်ကော်မြို့ ကက်ဆိုလိမ်ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမို ပါဝင်သည့် ငြိမ်းချမ်းရေးအကျိုးဆောင်များ လိုက်ပါလာသည့် ရဟတ်ယာဉ်ကို စောင့်ဆိုင်းခဲ့ကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဖက်နှင့်တစ်ဖက်ယုံကြည်ရန် ခက်ခဲသဖြင့် အေးအေးလူလူ စောင့်ခြင်းမျိုးတော့ မဟုတ်ကြ၊ သေနတ် တစ်ကမ်းအကွာမှာ မောင်းခလုတ်တွေပေါ် လက်ညှိုးတင်လျက် အသင့်အနေအထားဖြင့် စောင့်နေကြခြင်းပင်။ ရဟတ်ယာဉ်ကလည်း မယ်စဲ့အပေါ်သို့ ရောက်ချိန်မှာ ထိုးမဆင်းရဲသေးဘဲ အောက်မှာမြင်နေရသည့် စိမ်းစိမ်းညို့ညို့ ယူနီဖောင်းဝတ် လူအုပ်ကြီးကို အကဲခတ်ရသေးသည်။ ကလလတတွေပဲလား၊ ငါတို့တပ်တွေရော ရောက်နေပြီလား၊ ကိုယ့်လူတွေ မရောက်သေးဘဲ ဆင်းမိကာမှ မတော်တရော်တွေ ဖြစ်သွားရင် ဒုက္ခ၊ ပိုင်းလော့နောင်တော်ကြီးများလည်း တော်တော်ခေါင်းစားခဲ့ကြောင်း သိရသည်။ ကိုင်း- ဖြစ်ချင်ရာဖြစ်ကွာ၊ နိုင်ငံတော် တာဝန်ပေပဲ၊ ဆင်းရမည့်ကိစ္စမို့ ရဟတ်ယာဉ်ကို ဆင်းသက်လိုက်ပါတော့သည်။

ဦးထွန်းကျော်တို့ ကလလတအဖွဲ့ ပြန်ပြောသည်ကတော့ မယ်စဲ့မှာ ကျွန်တော်တို့ အားလုံး သံသယစိတ်တွေနဲ့ စောင့်နေကြတာ၊ အပေါ်က ရဟတ်ယာဉ်ဆင်းလာတော့မှပဲ သြော်... သူတို့ တကယ့်စိတ်ရင်းစေတနာ အမှန်နဲ့ ငါတို့ကို လာတွေ့တာပါလားဆိုပြီး နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းမှုအပေါ် ယုံကြည်မှု ပိုမိုခိုင်မာလာကြောင်း ပြောပြခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ကျယ်ဖိုးကြီးစော်ဘွား စောရွှေနှင့် ဘောလခဲနယ်ကိုယ်စားလှယ် စောဘီထူးတို့ ဦးဆောင်ဖွဲ့စည်းခဲ့သော ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ KNPP၊ ကလလတအဖွဲ့က ၁၉၇၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် KNPP မှ ခွဲထွက်၍ ဗကပနှင့်ပူးပေါင်းခဲ့သည်။ ၁၉၈၉ ခုနှစ်မှာဗကပပြိုကွဲသွားသောအခါ ကယန်းပြည်သစ်ပါတီ၊ ရလလဖ (ပအိုဝ်းနီ)အဖွဲ့များနှင့် ပူးတွဲလှုပ်ရှားခဲ့သည်။ ၁၉၉၄ ခုနှစ် မေလ ၉ ရက်နေ့တွင် ဦးထွန်းကျော် ခေါင်းဆောင်သော ကလလတအဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည်။

**KNG အဖွဲ့နှင့် ငြိမ်းချမ်းရေး**

KNG အဖွဲ့ (ကယန်းအမျိုးသားလုံခြုံရေးတပ်) ကိုတော့ဖြင့် ကယားပြည်နယ်၏ ငြိမ်းချမ်းရေး လမ်းပြကြယ်ဟု ကျွန်တော် အမြဲတမ်းတင်စားခေါ်ဝေါ်ရေးသားဂုဏ်ပြုခဲ့သည်။ ကြည့်လေ - နယက ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်နေစဉ် ကာလကတည်းက ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့ဖြစ်သည်။ ဦးဂေဘရယ်ဗျုံ ခေါင်းဆောင်၍ မိုးဗြဲ၊ ဖယ်ခုံဒေသတွင် လှုပ်ရှားနေရာမှ ကယန်းပြည်သစ်ပါတီအဖွဲ့နှင့် ပူးပေါင်းသော်လည်း ဗကပနှင့် မပေါင်းလို၍ သဘောထားကွဲလွဲကာ ၁၉၉၁ ခုနှစ် အောက်တိုဘာ ၉ ရက် မိုးဗြဲ၊ ဖယ်ခုံဒေသ ဗလဖလိုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သော လူထုအစည်းအဝေး၏ သဘောတူ ထောက်ခံချက်အရ ငြိမ်းချမ်းရေးရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ငြိမ်းချမ်းရေး အကျိုးဆောင် ဦးစံအောင်တို့က ကြိုးပမ်းအားထုတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



ဒီမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာအုပ်စု လိုဘာခို-ခူးပရား ကျေးရွာချင်းဆက်လမ်း ၇/၀ မိုင် ဖောက်လုပ်ထားမှုကို တွေ့ရစဉ်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

၁၉၉၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်၌ ထိုစဉ်က နယကအတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် လွိုင်ကော်မြို့တွင် ပြည်သူလူထုနှင့် တွေ့ဆုံ၍ ကယားပြည်နယ်အတွင်း၌ လက်နက်ကိုင်တိုက်ခိုက်လျက်ရှိသည့် အဖွဲ့အစည်းအချို့ ရှိနေသေးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်ရန် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တွေ့ဆုံညှိနှိုင်းရန် ဖိတ်ခေါ်ပါသည်ဟူ၍ လက်ကမ်းကြိုဆိုဖိတ်ခေါ်ခဲ့ပါသည်။

### ကယန်းပြည်သစ်ပါတီအဖွဲ့နှင့် ငြိမ်းချမ်းရေး

ဖိန်းကယန်းထန်(ခ)ဦးရွှေအေးသည် ၁၉၆၂ ခုနှစ်တွင် ကယန်းလူငယ် ၄၀ ခန့်ကို အစပြုစုစည်း လှုပ်ရှားကာ ၁၉၆၄ ခုနှစ် ဇွန်လ ၄ ရက်နေ့၌ ကယန်းပြည်သစ်ပါတီကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဗကပ၏ စည်းရုံးသိမ်းသွင်းခံရမှုကြောင့် ဗကပအလယ်ပိုင်း ဗျူရိုလက်အောက်ခံ တပ်ပေါင်းစုစစ်ဒေသတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ငြိမ်းချမ်းရေးအကျိုးဆောင် ဆရာတော် ဆိုတေးရိုဖားမို၏ ကူညီပေးမှုဖြင့် ကယန်းပြည်သစ်ပါတီသည် တပ်မတော်မှ တာဝန်ရှိသူများနှင့် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ၊ ၂၈ ရက်များတွင် လည်းကောင်း၊ ထိုနှစ် မေလ ၅ ရက်၊ ဇွန်လ ၂၂ ရက်နေ့များတွင် လည်းကောင်း တွေ့ဆုံဆွေးနွေးပြီးနောက် ၁၉၉၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။

### KNPP အဖွဲ့နှင့် ငြိမ်းချမ်းရေး

၁၉၈၀ ပြည့်လွန်နှစ်များ၌ ကျွန်တော်တို့တပ်ရင်းသည် ကယားပြည်နယ်အတွင်း စစ်ဆင်ရေးဝင်ခဲ့ရသည်။ ထိုစဉ်ကာလကတည်းက KNPP အဖွဲ့အပေါ် စူးစူးစိုက်စိုက် သတိထားမိသည်မှာ ဗကပနှင့် လုံးဝ မပူးပေါင်းခဲ့ကြခြင်းကိုပင်။ ၁၉၉၁ ခုနှစ်တွင် KNPP သည် ကယားပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌဟောင်း ဦးကျော်ဒင်၊ KNG ငြိမ်းချမ်းရေးအဖွဲ့မှ ဦးလှမိုးတို့ထံ ငြိမ်းချမ်းရေးဆိုင်ရာများကို စတင်မေးမြန်း လှေ့လာမှုပြုခဲ့သည်။ ဆရာတော် ဆိုတေးရိုဖားမိုကလည်း တိုက်တွန်းအကြံပြုခဲ့သည်။



သို့နှင့် KNPP အဖွဲ့သည် တပ်မတော်မှ တာဝန်ရှိသူများနှင့် ၁၉၉၃ ခုနှစ် အောက်တိုဘာလတွင် စတင်တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက် ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ မတ်လအတွင်း အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ၁၉၉၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် KNPP အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ သို့သော် ဝင်ရောက်လာကြပြီး သုံးလခန့်အကြာ၌ သဘောထားကွဲလွဲမှုအချို့ဖြစ်ပေါ်ခဲ့ပြီး အခိုက်အတန့်အားဖြင့် ငြိမ်းချမ်းရေးရောင်ခြည် မှေးမှိန်သွားခဲ့ကြောင်းလည်း တွေ့မြင်ခဲ့ရ၏။

### အခြားသော ငြိမ်းချမ်းရေးအဖွဲ့ငယ်များ

ကယားပြည်နယ်ထဲမှာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော ငြိမ်းချမ်းရေးအဖွဲ့ငယ်၊ အဖွဲ့ခွဲများလည်း ရှိနေပါသေးသည်။ ၎င်းတို့မှာ ဦးလီးရယ် ခေါင်းဆောင်၍ ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ဝင်ရောက်လာသော ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ KNDP အဖွဲ့၊ ဦးဂိုးရီ ခေါင်းဆောင်၍ ၁၉၉၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဝင်ရောက်လာသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီအဖွဲ့၊ ဦးရစ်ချဒ် ခေါင်းဆောင်၍ ၂၀၀၂ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဝင်ရောက်လာကြသော ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီအဖွဲ့၊ ဦးလောရှာ ခေါင်းဆောင်၍ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဝင်ရောက်လာကြသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ခွဲထွက်) အဖွဲ့တို့ဖြစ်ကြသည်။ အဖွဲ့ငယ်တော်တော်များများက KNPP မှခွဲထွက်လာကြသော အဖွဲ့များဖြစ်ကြသည်။

### နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်

နေရာဒေသ တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့သည် တိုက်ရိုက် အချိုးကျနေပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်းမှာပင် ကယားပြည်နယ်ထဲ၌ မိုးဗြဲ-လဂျီနွဲ့-ပီကင်းလမ်း၊ ဆီဘူး-သိကျိုတ်လမ်း၊ ဟိုယာ -ကေကောလမ်း၊ လိုဘာခို-ခူးပရားလမ်း၊ ပီကင်း-လအီ-လတိန်-ဆောင်းပြောင်းလမ်းများ စတင်ဖောက်လုပ်ပေးခဲ့သည်။ ဟိုယာ၊ ဒေါတမကြီး၊ မယ်စဲ့၊ ဘောလခဲ၊ ဆီဘူးနှင့် ခရက်ဒုံတို့မှာ ဆေးရုံများဖွင့်လှစ်ပေးခဲ့သည်။

ရှားတော၊ ရွာသစ်၊ ဟိုယာ၊ ဒေါရောခူ၊ ဒေါညေးခူနှင့် ဟိုစဲ့ကျေးရွာများမှာ အ-ထ-က၊ အ-လ-က ကျောင်းများ ဖွင့်လှစ်ပေးခဲ့သည်။ ဘောလခဲ၊ ဖရူဆို၊ မယ်စဲ့၊ ဖားဆောင်းနှင့် ရှားတောတို့တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခဲ့ကြ၏။ ဤကာလများသည် ငြိမ်းချမ်းခြင်းအစ၊ ဖွံ့ဖြိုးခြင်းအစ ကာလများပါပေ။ ဤအချိန် ဤကာလမှစတင်၍ ယနေ့အချိန်အထိ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုဆောင်ရွက်ပေးခဲ့သော လမ်း၊ တံတားလုပ်ငန်း ၁၂၈ ခု အတွက် ခွင့်ပြုငွေကျပ် ၂၅၅၆၃ ဒသမ ၄၀ သန်း၊ ရေရှိရေးလုပ်ငန်း ၆၂ ခုအတွက် ခွင့်ပြုငွေကျပ် ၂၆၅၉ ဒသမ ၅၆၇ သန်း၊ တန်ဖိုးနည်းအိမ်ရာ ၁၃၄ လုံးနှင့် ဝန်ထမ်းအိမ်ရာ၁၀လုံးတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုငွေကျပ် ၃၁၀၉ ဒသမ ၄၅ သန်း၊ စွမ်းအင်လုပ်ငန်း ၂၆၂၃ ခု အတွက် ခွင့်ပြုငွေကျပ် ၃၉၇ ဒသမ ၆၈ သန်း၊ သာသနာရေးလုပ်ငန်း ၉၉ ခု အတွက် ခွင့်ပြုငွေကျပ် ၅၃၄ ဒသမ ၇၀ သန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ခုနစ်ခု အတွက် ခွင့်ပြုငွေကျပ် ၂၃၅ ဒသမ ၇၁ သန်း၊ ပညာရေးလုပ်ငန်း ၄၂ ခုအတွက် ခွင့်ပြု ငွေကျပ် ၆၂၁ ဒသမ ၃၄ သန်းနှင့် ကျန်းမာရေးလုပ်ငန်း ၂၁ ခုအတွက် ခွင့်ပြုငွေကျပ် ၁၁၁ ဒသမ ၉၇ သန်းဖြင့် စုစုပေါင်းငွေကျပ် ၃၃၂၃၃ ဒသမ ၈၁၇ သန်းအား နိုင်ငံတော်က ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

### ကယားပြည်နယ် ခုနစ်မြို့နယ်

ကယားပြည်နယ်အတွင်း၌ လွိုင်ကော်မြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဒီမော့ဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်ဟူ၍ ခုနစ်မြို့နယ် ရှိသည့်အနက် နတလဝန်ထမ်းဘဝမှာ ရှားတောမြို့နယ်မှအပ ကျန်မြို့နယ်များသို့ ရောက်ဖူးခဲ့သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ပေးရသည်။ ဒီမော့ဆို၊ ဖရူဆို၊ ဖားဆောင်းမြို့များသို့ ဖြတ်ပြီး မယ်စဲ့သို့သွားရာတွင် နယ်ခြားမှတ်တိုင် ဘီပီ-၁၃ သို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့ဖူးသည်။ ရွာသစ်မှတစ်ဆင့် ဟွေပုံလောင်းဒေသသို့လည်း ရောက်ခဲ့သည်။ ဟိုယာ၊ ဘီယာ၊ ဆီဘူး၊ သိကျိုတ်ဒေသများကတော့ ငယ်စဉ်တပ်မတော်သားဘဝကတည်းက ရောက်ခဲ့၊ နေခဲ့၊ တာဝန်ထမ်းဆောင်ခဲ့ဖူးသော နေရာများပါပေ။ ကယားပြည်နယ်အတွင်း၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို လွိုင်ကော်မြို့နှင့် ဘောလခဲမြို့များတွင် လည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို လွိုင်ကော်တွင် လည်းကောင်း နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ပေးခဲ့သည်။

### ပန်ပက်ဒေသရေရရှိရေး

ဤလုပ်ငန်းကတော့ ကယားပြည်နယ်ထဲမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများစွာအနက် ထူးခြားသောလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။ ထိုဒေသတွင် ရေအလွန်ရှား၏။ ပေ ၈၀၀ အနက်မျှ အဝီစိတွင်းတူးသော်ငြားလည်း ရေမထွက်ခဲ့ပေ။ ကံအားလျော်စွာပင် လွိုကထိကျေးရွာအနီး၌ မြေအောက် ပေ ၁၀၀ ခန့်အနက် ဂူတစ်ခုတွင် ရေထွက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းရေအရင်းအမြစ်မှ ရေများကို ရေစုပ်ပန့်ဖြင့် ပင်မ ရေစုကန်သို့ စုပ်တင်ပေးသည်၊ ထိုပင်မကန်ရောက်ရေများကို အမြင့်ပိုင်းရေစုကန်များသို့ ရေတင်ပန့်များဖြင့် အဆင့်ဆင့်တွန်းတင်ပေးခဲ့သည်။ ယင်းစနစ်ဖြင့် ဆောင်ရွက်ပေးမှုကြောင့် လွိုကထိ ရေထွက်မှ ၁၁ မိုင်ခန့်အထိ ကွာဝေးသော ရှမ်း၊ ကယားနယ်စပ်က ကသန်းကူရွာ အပါအဝင် ကျေးရွာပေါင်း ၁၇ ရွာမှာ သန့်ရှင်းသော သောက်သုံးရေရရှိနေကြပြီဖြစ်သည်။ ငွေကျပ်သန်း ၃၂၉ ဒသမ ၅၁ သန်း သုံးစွဲဆောင်ရွက်ပေးခဲ့သည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ပန်ပက်ဒေသတွင် လွိုကထိကျေးရွာ၊ ချယ်ရီကုန်းကျေးရွာ၊ ချယ်ရီကုန်းတောင်ထိပ်၊ လိင်ဆောင်ဒေးကျေးရွာ၊ ပရက်ကူကျေးရွာ၊ ပေါ်ကူကျေးရွာ၊ ရွှမ်းကူတောင်ထိပ်၊ ရွှမ်းကူကျေးရွာ၊ ရွှမ်းကူအောက် ကျေးရွာ၊ ဒေါကီးကျေးရွာ၊ ချောဒေး ကျေးရွာ၊ တိုင်းရင်းသားကုန်း၊ ပန်ပက်လမ်းဆုံ၊ ဆောင်လူကနားရွာသစ်၊ ဆောင်လူကနား ရွာဟောင်း၊ ပင်မဆောင်ကျေးရွာ၊ ကသန်းကူကျေးရွာတို့ ပါဝင်ပြီး ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းဆောင်ရွက်ပေးသော ဒေသလည်းဖြစ်သည်။ အလားတူပင် ဖရူဆိုမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၅ ရွာတို့အတွက် ရေရရှိရေးလုပ်ငန်းများကိုလည်း စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း မင်္ဂလာသတင်းကို ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

### ထာဝရတည်ငြိမ်အေးချမ်းရေး

ကယားပြည်နယ်သည် တစ်ချိန်က စစ်၏အနိဋ္ဌာရုံများ ပြည့်နှက်နေသော နေရာဒေသတစ်ခုဖြစ်ခဲ့သည်။ ထိုမှ ငြိမ်းချမ်းရေးကို လိုလားကြသော ပြည်နယ်သူ ပြည်နယ်သားများ၊ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည် သဘောပေါက်လာခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကြောင့် နှစ်ကာလရှည်ကြာစွာ တည်ငြိမ်အေးချမ်းသော ပြည်နယ်တစ်ခု ဖြစ်လာခဲ့သည်။ တည်ငြိမ်အေးချမ်းမှုကို အကြောင်းပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆက်လက်၍လည်း ဖွံ့ဖြိုးတိုးတက်စေချင်ပါသည်။ တစ်ချိန်က ငြိမ်းချမ်းရေး အခြေခံကောင်းများကို စံပြုလျက် ထာဝရတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ကြီးဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း အလေးအနက်ဆန္ဒပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ဒီမော့ဆိုမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းပေါ်မှ တံတားတစ်စင်းကို တွေ့ရစဉ်။

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု အောင်မြင်စွာကျင်းပပြီးစီး ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြု အခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ယမန်နေ့ တတိယနေ့တွင် ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာ ကြည့်ရှုကြသည်။

တပေါင်းကွင်းအတွင်း သတ်မှတ်နေရာများ အလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအနေဖြင့်လည်း လာရောက်လေ့လာကြသည့် ပြည်သူများသိရှိလိုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများကို အဖွဲ့လိုက်မျှဝေပေးကြသည်။



အဆိုပါ ဂုဏ်ပြုယာဉ်များတွင် ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ သံဃာတော်များ၊ သီလရှင်များ၊ ကျောင်းသား လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

တိုင်းရင်းသားရိုးရာ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများစိတ်ဝင်တစား ဝယ်ယူနေကြသည်ကိုလည်း တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာသီချင်းနှင့်အတူ ရိုးရာအကများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များရှေ့၌ ကပြဖျော်ဖြေကြရာ ဂုဏ်ပြုယာဉ်များကို လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

ဂုဏ်ပြုယာဉ်များကို လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်သားများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်က ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဆေးအဖွဲ့မှ ဆေးခန်းဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

အထူးအစီအစဉ်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသား ရိုးရာအစားအစာများကို ပြုလုပ်ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသားအစားအစာများကို စားသုံးနိုင်သော အခွင့်အရေးဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစား ကြိတ်ကြိတ်တိုး ဝယ်ယူသုံးဆောင်နေကြသည်ကိုလည်း တွေ့ရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပထမဆု ရရှိခဲ့သည့် မကွေးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်ရှေ့၌ မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ယဉ်ကျေးမှုအဖွဲ့ဝင် ၁၀၈ ဦးကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။(ဝဲပုံ)

ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် ၄၆ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာဆိုင်ခန်းပေါင်း ၂၀ မှ တိုင်းရင်းသားရိုးရာအစားအစာများကို ရောင်းချပေးခြင်းတို့ကို ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်၍ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း သုံးရက်တိုင်တိုင် မိဘပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်း - မျိုးဆက်သစ် ၊ ဓာတ်ပုံ - ကိုထိန်အေး**



ရှမ်းပြည်နယ်ဂုဏ်ပြုယာဉ်များနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့မှ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။



ရခိုင်ရိုးရာအစားအသောက်ရောင်းချသည့် ဆိုင်၌ ဝယ်ယူအားပေးသူများကို တွေ့ရစဉ်။

# မကွေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့်လွှတ်တော်သို့လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**နေပြည်တော်၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် မကွေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့သည် ယနေ့တွင် ရန်အောင်ချမ်းသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)(ယာပုံ) နှင့် လွှတ်တော်သို့ သွားရောက်လေ့လာကြသည်။**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစိုးပိုင်မြင့် ဦးဆောင်သော တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့သည် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်ရှိ ရန်အောင်ချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့သွားရောက်၍ ပြခန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် လွှတ်တော် အဆောက်အအုံများကို ဆက်လက်လေ့လာကြရာ ပြည်ထောင်စု လွှတ်တော် ဧည့်ကြိုဆိုရေး အဆောင်၌ ပြသထားသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအထိမ်းအမှတ်ဖြစ်သော ယွန်းထည်ဆွမ်းအုပ်ကြီးနှင့် သစ်အမျိုးအစား ၉၂ မျိုးတို့ကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်၊အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမများသို့ လေ့လာကြရာ တာဝန်ရှိသူများက လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် လွှတ်တော်ရေးရာများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒီလို အခမ်းအနားကြီး ပြုလုပ်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကိုယ့်တိုင်းရင်းသား အစားအစာတွေကို ရောင်းချပေးတဲ့အခါ စားသုံးသူတွေရဲ့ မှတ်ချက်ပေးမှုလေးတွေကြောင့် ဝမ်းသာမိပါတယ်



နော်သိန်းတင်



မကေသီဝင်းထွဋ်



မခင်သီတာအောင်



မအိမ့်မြတ်ခြယ်၊ မလဝန်းအိမ်



ကိုဟိန်းစစ်ပိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် ပါဝင်ဂုဏ်ပြုခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှု အလိုက် ကပြဖျော်ဖြေမှုများကို ပြည်သူများ လာရောက်လေ့လာ ကြည့်ရှုနိုင်ရန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသုံးနိုင်ရန် ယနေ့ (တတိယနေ့) တွင်လည်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးရှေ့ တပေါင်းကွင်း၌ ရောင်းချပေးလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဂုဏ်ပြုယာဉ်များနှင့်အတူ ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများ၊ တိုင်းရင်းသာရိုးရာ အစားအစာ ရောင်းချသူများနှင့် လာရောက်လေ့လာ ကြည့်ရှုကြသူများအား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**နော်သိန်းတင်**

**(ကရင်အစားအစာ ရောင်းချသူ)**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားမှာ ပါဝင်ပြသခဲ့တဲ့ ဂုဏ်ပြုယာဉ်တွေနဲ့ ရိုးရာယဉ်ကျေးမှု အကအဖွဲ့တွေကို တစ်နေရာတည်းမှာ လေ့လာလို့ရအောင် တပေါင်းကွင်းထဲမှာ စီစဉ်ပေးမှုကြောင့် ကျွန်မတို့အနေနဲ့လည်း တိုင်းရင်းသားရိုးရာ အစားအစာတွေထဲက ကရင်အစားအစာတွေကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချခွင့်ရခဲ့ပါတယ်။ လာရောက်လေ့လာ ကြည့်ရှုကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အားလုံး ကရင်အစားအစာတွေကို မစားဖူးတဲ့ သူလည်း စားဖူးအောင်၊ ကြိုက်နှစ်သက်တဲ့သူတွေလည်း ဝယ်ယူအားပေးလို့ရအောင်စီစဉ်ပေးထားပါတယ်။ ကရင်ရိုးစားအစားအစာတွေထဲမှာ ကရင်ရိုးရာကြက်သားသုပ်၊ ကရင်ရိုးရာတာလပေါ၊ ကရင်ရိုးရာဒါပဲဖိုးအပြင် တောထမင်း တောဟင်းတွေ ရောင်းချပေးပါတယ်။ ဒီအစားအစာတွေထဲမှာ တာလပေါကို အများဆုံး အားပေးတာတွေ့ရပါတယ်။ ပြပွဲ တတိယနေ့မှာဆိုရင် မနက်ပိုင်း ၁၁နာရီကတည်းက အားလုံးကုန်သွားတဲ့ အတွက် ညနေပိုင်းရောင်းချပေးဖို့အတွက် ပြန်လည် ချက်ပြုတ်နေရပါတယ်။ ဒီလို အခမ်းအနားကြီး ပြုလုပ်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကိုယ့် တိုင်းရင်းသား အစားအစာတွေကို ရောင်းချပေးရတဲ့အခါ စားသုံးသူတွေ အနေနဲ့လည်း အဆင်ပြေစွာစားသုံးနိုင်ခဲ့ တယ်ဆိုတဲ့ မှတ်ချက်ပေးမှုလေးတွေ ကြောင့် ဝမ်းသာမိပါတယ်။

**မကေသီဝင်းထွဋ် (လာရောက်လေ့လာသူ တပ်ကုန်းမြို့)**

ဖေဖော်ဝါရီ ၁၂ ရက် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့် ပြသတာကို ကြည့်ရှုလိုက်ရပါတယ်။ အဲ့ဒါကြည့်ပြီး ဂုဏ်ပြုယာဉ်တွေကို အပြင်မှာမြင်ဖူးချင်တာနဲ့ အခုလို တပေါင်းကွင်းကြီးမှာ စိန်ရတုပြည်ထောင်စုနေ့မှာ ဂုဏ်ပြုတဲ့ ဂုဏ်ပြုယာဉ်တွေ ခင်းကျင်းပြသထားတာကို လာရောက်ကြည့်ရှုဖြစ်တာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးတွေရဲ့ ခမ်းနားမှုနဲ့ ပြည့်စုံလှတဲ့ ပြကွက်တွေ လာရောက် ကြည့်ရှုသူတွေအတွက် ဗဟုသုတများစွာ ရရှိပါတယ်။ ချင်းပြည်နယ်ဂုဏ်ပြုယာဉ်ပေါ်က ဘုံတလာ ရေတံခွန်ဆိုရင် ရေတွေစီးကျနေတာက တကယ့်ရေတွေနဲ့သရုပ်ဖော်ပြသထားမှု တွေကြောင့် အမှတ်တရဓာတ်ပုံရိုက်ဖို့ အတွက်လည်း အတော်လေးကောင်းပါ တယ်။ လာရောက်လေ့လာခွင့်ရတာကို ကျေနပ်ပီတိဖြစ်မိပါတယ်။

**မခင်သီတာအောင်**

**လာရောက်လေ့လာသူ (အေလာ)**

တီဗွီကကြည့်ရတဲ့အချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က အထိမ်းအမှတ်တွေရှိတဲ့အတွက်ကြောင့် လာရောက်လေ့လာဖြစ်တာပါ။ဒီနေ့နောက်ဆုံးနေ့ဆိုတော့ အရင်ရက်တွေကထက်စည်လည်းစည်တယ်။ ကျွန်မတို့ ဒီကိုလာတာ မိသားစုအလိုက်ပါ။ အားလုံးငါးယောက်ပါ။ ညတုန်းကလည်း တိုင်းရင်းသားရိုးရာ အကတွေနဲ့ ဖျော်ဖြေတာ တီဗွီမှာကြည့်လိုက်ရတယ်။ အခုဒီနေ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်က အထင်ကရတွေ အထိမ်းအမှတ်တွေနဲ့ တိုင်းရင်းသားရိုးရာအလိုက် ကပြဖျော်ဖြေ တင်ဆက်မှုတွေကို ကြည့်ရှုလို့ပြီးရင် တိုင်းရင်းသားတွေရဲ့ နာမည်ကြီးအစားအစာတွေ အားပေးပြီးမှ ပြန်မှာပါ။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို အခုလိုစည်စည်ကားကားကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း ဒီနှစ်လိုစည်စည်ကားကားကျင်းပပေးစေချင်ပါတယ်။

**မအိမ့်မြတ်ခြယ်၊ မလဝန်းအိမ်**

**(အလက၊ မင်္ဂလာဇေယျာ)**

(၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အထင်ကရတွေကို ယာဉ်တွေနဲ့အတူ တိုင်းရင်းသားရိုးရာ အကတွေ ဖျော်ဖြေတင်ဆက်တာတွေကို သတင်းစာတွေဖတ်၊ တီဗွီတွေမှာ ကြည့်လိုက်ရတဲ့အတွက် သမီးတို့ ကျောင်းက သူငယ်ချင်းတွေစုပြီး လာရောက်လေ့လာတာပါ။ ကျောင်း သင်ခန်းစာမှာသင်ခဲ့ရတဲ့ မင်းကွန်း ခေါင်းလောင်းကြီးနဲ့ ပင်လုံကျောက်တိုင် တွေကို ကြည့်ရှုလေ့လာခဲ့ပါတယ်။ ယာဉ်တွေအပေါ် တက်ပြီးလေ့လာတဲ့ အခါမှာ မကွေးတိုင်းဒေသကြီးက ဆီဆုံကြီးကို သမီးတို့ ပိုပြီးစိတ်ဝင်စားကြပါ တယ်။ ဒီလိုမျိုး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အထင်ကရအထိမ်း အမှတ်အားလုံးကို တစ်နေရာတည်းမှာ လေ့လာခွင့်ရလို့ စီစဉ်ပေးသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ကိုဟိန်းစစ်ပိုင် (မင်းသား၊**

**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု)**

ကျွန်တော့်အနေနဲ့ မင်းသားအကနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကို ဂုဏ်ပြုခွင့်ရတာ အတိုင်းမသိဝမ်းသာပါ တယ်။ ဂုဏ်ပြုပြီးတဲ့နောက် ဒီတပေါင်း ကွင်းထဲမှာ ပြည်သူတွေကို ဖျော်ဖြေမှု ပေးရတဲ့အခါ ထင်မှတ်မထားလောက် အောင် မင်းသားအကကို ချစ်မြတ်နိုးကြ တာတွေ့ရပါတယ်။ လာရောက်လေ့လာ ကြတဲ့ပြည်သူတွေက ချစ်ခင်မှုတွေ အသိ အမှတ်ပြုမှုတွေကိုနဲ့ မင်းသားဝတ်စုံဝတ် ထားတဲ့ ကျွန်တော်အပါအဝင် ဂုဏ်ပြု ယာဉ်ကြီးနဲ့ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတယ်။ ဂုဏ်ပြုယာဉ်ကြီးတွေပေါ်မှာ ပြသထားတဲ့ ကိုယ်စားပြုပြကွက်တွေကို အသေးစိတ်လေ့လာမှတ်သားကြတာ တွေ့ရပါတယ်။ ဒီဂုဏ်ပြုယာဉ်တွေပြသထားတဲ့ပြပွဲမှာ လေ့လာကြည့်ရှုသူတွေ က လူထောင်ချီရှိပါတယ်။ ဒီနေ့က နောက်ဆုံးပြသတဲ့နေ့ဆိုတော့ အရင်ရက် တွေထက်ကို ပိုပြီးများပြားပါတယ်။ လာမယ့်နှစ်မှာလည်း ပြည်ထောင်စုနေ့ကို အခုလိုပဲစည်စည်ကားကားနဲ့ ဂုဏ်ပြုခွင့် ရချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမျိုးဦး**

**(ရှမ်းအစားအစာရောင်းချသူ)**

ကျွန်တော်က အရင်ကတည်းက ရှမ်းအစားအစာရောင်းတာဆိုတော့ အခု စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားမှာ ရှမ်းအစားအစာရောင်းချ ပေးပါဆိုလို့ ရောင်းချရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆိုင်မှာ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး၊ မြီးရှည်၊ အမဲအူသုပ်၊ အသုပ်စုံ အပြင် ရှမ်းရိုးရာဆန်အရက်လည်း ရောင်းချပါတယ်။ လာရောက်လေ့လာကြ သူတွေထဲက အများဆုံးအားပေးတာ ကတော့ ရှမ်းခေါက်ဆွဲနဲ့ တို့ဟူးနွေးပါ။ တစ်ရက်တစ်ရက်ကို လေးသိန်းလောက် ရောင်းရပါတယ်။ အပြင်မှာ ရောင်းချတဲ့ ဈေးနှုန်းနဲ့ မကွာစေဘဲ ဈေးသက်သက် သာသာနဲ့ ဝယ်ယူအားပေးနိုင်ဖို့လည်း စီစဉ်ရောင်းချခဲ့ပါတယ်။

**ဦးမောင်မောင်ချို**

**(ရှမ်းပြည်နယ်ဂုဏ်ပြုယာဉ်တာဝန်ခံ)**

ရှမ်းပြည်နယ် ကိုယ်စားပြုအနေနဲ့ အခုစိန်ရတုပြည်ထောင်စုနေ့ အထိမ်း အမှတ်ပွဲမှာ ဂုဏ်ပြုယာဉ်သုံးစီးနဲ့လာရောက် ပြသတဲ့နေရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ အထင်ကရနေရာတွေကို မသွားရောက်နိုင်တဲ့ ပြည်သူတွေအနေနဲ့ လည်း ယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေနဲ့ နာမည်ကြီးနေရာတွေကို ပြည့်ပြည့်စုံစုံ သိရှိလေ့လာလို့ရတဲ့အတွက် အများကြီး လာရောက်လေ့လာကြပါတယ်။ ရှမ်း ပြည်နယ်ရဲ့အထင်ကရတွေ၊ ဒေသထွက် ကုန်တွေကို သိမြင်ရတဲ့အတွက် ပြည်သူ တွေအတွက်အများကြီး ဗဟုသုတရရှိစေ မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေပေးခဲ့တာ ကိုလည်း တစ်ခဲနက်လာရောက် အားပေး ကြပါတယ်။

**နိုင်ဟိန်းထက်၊ ဓာတ်ပုံ-ဇော်ဘီ**



စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့မှ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

## နယ်စပ်ရေးရာဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဝင်းအတွင်း ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ကြသည်။ (ယာပုံ)

နယ်စပ်ရေးရာဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ပြိုင်ပွဲဝင် အသင်း သုံးသင်း ပါဝင်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ခဲ့ကာ ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု ပတ္တမြားကျေးရွာနှင့် မဟာအောင်မြေမြို့နယ် စကြန့်ယံစဉ်ရပ်ကွက်၊ ဆူးလေဗလီရပ်တို့မှ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

မန္တလေး ဖေဖော်ဝါရီ ၁၅

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု ပတ္တမြားကျေးရွာနှင့် မဟာအောင်မြေမြို့နယ် စကြန့်ယံစဉ်ရပ်ကွက် ဆူးလေဗလီရပ်တို့မှ မီးဘေးသင့်အိမ်ထောင်စုများအား ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက အဆိုပါနေရာများသို့ သွားရောက်၍ ထောက်ပံ့ပေးအပ်သည်။**

ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အားပေးစကားများပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ၊ ဆန်အိတ်များ၊ ကယ်ဆယ်ရေး ပစ္စည်းများကို မီးဘေးသင့်အိမ်ထောင်စုများထံ ပေးအပ်သည်။




ဆူးလေဗလီရပ်မှ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့စဉ်။

မီးဘေးသင့်အိမ်ထောင်စုများ ထောက်ပံ့ပေးမှု အစီအစဉ်တွင် ပတ္တမြားကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အိမ်ခြေတစ်လုံးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အိမ်ခြေ ၁၃ လုံး အတွက် ငွေကျပ် ၁၃ သိန်း၊ လူဦးရေ ၅၈ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ငွေကျပ် ၂၉ သိန်း စုစုပေါင်းငွေကျပ် ၄၂ သိန်းကို လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အိမ်ခြေ ၁၃ လုံးအတွက် ဆန် ၁၃ အိတ်၊ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ခြေ ၁၃ လုံး အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၅၈ ဦး အတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုး ငွေကျပ် ၁၃ သိန်း၊ ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၀၅၉၂၆၈ ကိုလည်းကောင်း၊ စကြန့်ယံစဉ်ရပ်ကွက် ဆူးလေဗလီရပ် မီးဘေးသင့်ပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အိမ်ခြေတစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အိမ်ခြေ ၁၈ လုံးအတွက် ငွေကျပ် ၁၈ သိန်း၊ လူဦးရေ ၁၂၅ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုး ငွေကျပ် ၈၀၅၀၀၀၀ ကိုလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ အိမ်ခြေ ၁၈ လုံး၊ အိမ်ထောင်စု ၂၈ စုအတွက် ဆန် ၂၈ အိတ်ကို လည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ခြေ ၁၈ လုံး၊ အိမ်ထောင်စု ၁၈ စု လူဦးရေ ၁၂၅ ဦးအတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုး ငွေကျပ် ၁၈ သိန်း၊ ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၃၄၃၅၅၀၈ တို့ကို ထောက်ပံ့ပေးခဲ့သည်။

ယနေ့ ထောက်ပံ့ပေးမှုတွင် ပတ္တမြားကျေးရွာမှ မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၆၆၈၅၂၆၈ နှင့် ဆူးလေဗလီရပ်မှ မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၂၄၈၉၅၀၈ တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းတော်မြို့ ရွှေဆိုင်ဓားပြတိုက်သူ ငါးဦးအနက် လေးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းမိ

**အင်းတော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေဆိုင် (အပေါင်ဆိုင်) ကို ဓားပြတိုက်သူ ငါးဦးအနက် လေးဦးကို သက်သေခံ ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၆ ရက် နံနက်၁၁ နာရီ၄၅ မိနစ်တွင်အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ဦးတင်အောင်+ဒေါ်ခင်ခင်ကြီး တို့၏ ရွှေဆိုင် (အပေါင်ဆိုင်) တွင် အမည်မသိလူ ငါးဦးကဝင်ရောက်၍ ပိုင်ရှင်များအား သေနတ်ဖြင့် ချိန်ရွယ်ကာ ကောင်တာအတွင်းမှ ရွှေထည်ပစ္စည်း (၁ ပိဿာ ၆၅ ကျပ်သား) ကာလတန်ဖိုးငွေကျပ် ၃၀၆၉၀၀၀၀၀ အား ယူဆောင်သွားသဖြင့် အင်းတော်မြို့မရဲစခန်းသို့ တိုင်တန်းထားသော အမှုဖြစ်သည်။

အဆိုပါအမှုအား လျင်မြန်စွာ ဖော်ထုတ်နိုင်ရေးအတွက် ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မင်းလှိုင်၏ ညွှန်ကြားမှုအရ အင်းတော် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှတင့် ကြီးကြပ်ပြီး မြို့မရဲစခန်းမှ ဒုရဲမှူး မြင့်အောင်နှင့် အဖွဲ့သည် နယ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ နီးစပ်ရာမြို့နယ်များဖြင့် ချိတ်ဆက်ရှာဖွေ စုံစမ်းဖော်ထုတ်နေစဉ် ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေးတိုင်း ရဲတပ်ဖွဲ့က ဓားပြမှုနှင့် မသက်ာသူ လေးဦးအား ဖမ်းမိထားကြောင်း အကြောင်းကြားလာသဖြင့် အင်းတော်မြို့မ ရဲစခန်းမှူး ဒုရဲမှူး မြင့်အောင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ၎င်းတို့ လေးဦး တည်းခိုသော တည်းခိုခန်းမှ ဓားပြတိုက်ရာတွင် ပါဝင်သော ရွှေထည်ပစ္စည်းများ၊ ဆိုင်ကယ် လေးစီး၊ အိုင်ဖုန်း တစ်လုံးတို့နှင့်အတူ စစ်ဆေးတွေ့ရှိရသဖြင့် ဓားပြတိုက်ရာတွင် ပါဝင်သော အင်းတော်မြို့နယ် ထန်းတောကျေးရွာနှင့် လက်ပန်တန်းကျေးရွာနေ ပိုင်ထူးကျော် (၂၀ နှစ်)၊ မျိုးလှိုင်ဝင်း (၂၆ နှစ်)၊ နိုင်နိုင်ဦး (၂၂ နှစ်)၊ အောင်မိုးထွန်း (၂၁ နှစ်) တို့အား ဥပဒေအရ အရေးယူဆောင်ရွက်ထားပြီး ထွက်ပြေးလွတ်မြောက်နေသူ မနန်းအောင် (ခ) ရဲထွန်းအောင်အား အမြန်ဆုံးဖမ်းမိရေးအတွက် ဆောင်ရွက်နေကြောင်း စခန်းမှူး ဒုရဲမှူး မြင့်အောင်က ပြောသည်။

**လှအောင်(ကသာ)**



## တရားမဝင်ကျွန်းသစ်၊ သစ်မျိုးစုံနှင့် စားသောက်ကုန်မျိုးစုံနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေး အဖွဲ့ဖြင့် ရှောင်တခင်ဝင်ရောက် စစ်ဆေးရာ လိုင်စင်မဲ့ မော်တော်ယာဉ် HINO RANGER Tractor Head (18) ဘီးယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၄၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် 5J/2873 Mini Bus ယာဉ်အမျိုးအစား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၄၉၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ အမ်းမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂၈ ဒသမ ၈၁၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၉၃၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် စစ်ဆေးခဲ့ရာ တမူးမြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်း တရားမဝင်ကညင်သစ် ၁၁ ဒသမ ၃၁၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၇၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီးသစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ ပဲခူးနှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၁၁၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၈၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၄ ရက် နှင့် ၁၅ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၃) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၄၁၄၈၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❖ မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပ နှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။

❖ လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံး အချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။

❖ နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။

❖ အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။

❖ နိုင်ငံတော်ကိုလက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိလုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘော ဖြစ်ပါတယ်။

❖ နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိက သဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## မြို့နယ်အချို့ရှိ စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြို့နယ်အချို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် ည ၆ နာရီခွဲတွင် ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ PDF အမည်ခံအကြမ်းဖက်သမားက လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ကျောင်း၏ဘေးပတ်လည်မှနေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၇ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ❖

## ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် မြန်မာအသင်း ၂၀၂၂ အာဆီယံ ယူ-၂၃ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ၁၄ရက်မှစ၍ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် ကိုဗစ်-၁၉ ကူးစက်ခံရမှုများကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကစားသမားများရှိနေခြင်း၊ ရောဂါလက္ခဏာ ခံစားနေရသူများရှိနေခြင်း တို့ကြောင့် မလေးရှားနှင့် အုပ်စုပထမပွဲ မကစားမီ နာရီပိုင်းအလိုတွင် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။



မြန်မာအသင်းအနေဖြင့် ပွဲကစားပါက ကစားသမားများ Positive ဖြစ်နေလျှင်မူ ပြိုင်ဘက်မလေးရှားအသင်း ကစားသမားများ၊ နည်းပြ/အုပ်ချုပ် အဖွဲ့ဝင်များနှင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများအား ဆက်လက်ကူးစက်သွားနိုင်ခြင်း၊ ပြိုင်ပွဲတစ်ရပ်လုံးကို ထိခိုက်သွားစေနိုင်ခြင်း၊ ကစားသမားများ၏ ကျန်းမာရေးအခြေအနေများ *စာမျက်နှာ ၁၂ ကော်လံ ၅* ◆

ယနေ့ သတင်းအညွှန်း

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါ လုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ
ပြည်တွင်းသတင်း စာ - ၁၂

ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄၆၇ ဦး တွေ့ရှိ
ထုတ်ပြန်ချက် စာ - ၁၅

ကျွန်တော်လွမ်းမိသော ငြိမ်းချမ်းရေးပုံရိပ်များ (ကယားပြည်နယ်)
ဆောင်းပါး စာ -၂၀

